

ရင်သွေးများအတွက်

ဗုဒ္ဓဘာသာ သိကောင်းစရာအဖြာဖြာ

# ဗုဒ္ဓဝင်အကျဉ်းပုံပြ

(အင်္ဂလိပ်–မြန်မာ နှစ်ဘာသာ)

ဓမ္မခဆရာတော်
အရှင်ကုဝေရသာရ

စာအုပ်အမှတ် ၁၇

# ရင်သွေးများအတွက် ဗုဒ္ဓဘာသာ သိကောင်းစရာ အမြာမြာ

# [ဗုဒ္ဓဝင်အကျဉ်း ပုံပြ]

# General Knowledge for Buddhism For Children

## (A Brief Buddhavimsa in picture)

ဓမ္မေခဆရာတော် အရှင်ကုဝေရသာရ
သာသနတက္ကသိုလ်ဓမ္မာစရိယ (B.A Buddhism)

**Dhammekha Sayadaw Ashin Kuverasāra**

**Sasana Takkasila Dhammacariya B.A. (Buddhism)**

English Text : Maung Win War

သက္ကာဝတီ စာပေ
အမှတ် ၁၃၈-၁၄၀၊ ပထမထပ်၊
မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၂၅၀၆၇၊ ၀၉ ၇၃၁၄၀၉၃၆
website : www.sarpaylawka5.com
Email : splk5mm@gmail.com

| | |
|---|---|
| **ပုံနှိပ်ခြင်း** | **Publish** |
| ပထမအကြိမ်၊ အုပ်ရေ (၁၅၀၀) | 1st time, Books (1500) |
| **ထုတ်ဝေခြင်း** | |
| မတ်လ၊ ၂၀၁၄ | 2014, March |
| **တန်ဖိုး** | **Cost** |
| ၁၅၀၀ ကျပ် | 1500 Kyats |
| **စီစဉ်သူ** | **Arrangement** |
| နှင်းမြတ်သွယ် | Hninn Myat Thwe |
| **သရုပ်ဖော်** | **Illustration** |
| ပန်းချီ ကိုကံကောင်း | Ko Kan Kaung |
| **မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင်** | **Layout Design** |
| ကျော်ကျော် | Kyaw Kyaw (SarPayLawKa) |
| **ထုတ်ဝေသူ** | **Publisher** |
| ဒေါ်တင်ထွေးယဉ် (မြဲ ၀၃၇၆၆) | Daw Tin Htay Yin (03766) |
| ဣန္ဒာသာယာစာပေတိုက်၊ ရန်ကုန်မြို့ | Eaik Sar Tha Ya |
| **အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်** | **Press** |
| ဦးဇော်မင်းအေး (မြဲ ၀၇၁၂၅) | U Zaw Min Aye (07125) |
| ဇော်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့ | Zaw Press, Yangon. |

ဖြန့်ချိရေး

စာပေလောက ၅

အမှတ် ၁၃၈-၁၄၀၊ ပထမထပ်၊

မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၇၃၁၂၅၀၆၇၊ ၀၉ ၇၃၁၄၀၃၃၆

website : www.sarpaylawka5.com

Email : splk5mm@gmail.com

## ကလေးနှင့် အိုး

အိုးမဖုတ်ခင်၊ အိုးလုပ်စဉ်ဝယ်၊
အိုးတွင်နှိပ်ခတ်၊ တံဆိပ်မှတ်ကား။
မပြတ်မစဲ၊ အိုးပင်ကွဲလည်း။
အမြဲတစေ၊ တည်ရှိနေသို့

ထွေထွေသွေးသား။ ကလေးများ၌
ဘုရားတံဆိပ်၊ ဘာသာစိတ်ကို၊
ခတ်နှိပ်နိုင်မှ၊ သက်ဆုံးကျအောင်၊
ဗုဒ္ဓဝါဒီ၊ စွဲ၍တည်မည်။
ကိုယ်စီ ခပ်နှိပ်စေသတည်း။

(မဟာဂန္ဓာရုံဆရာတော်)

## Children and Pot

While a pot is being made,
Seal it first before it's baked.

Seal on pot'll last for ever,
Even when it fragments later.

It's the same in children, miscella-
neous.
They are your flesh and blood.

Buddha Seal-the Buddhism spirit!
On them put it firmly deep.

Buddhists, they'll still be, likewise
Until it's the end of life.

Each, every, all children!
Buddha seal, be sure on them.

**Mahagandāyon Sayadaw**

# မိတ်ဆက်

ကလေးတို့ရေ . . .

ဗုဒ္ဓဝင်ဆိုတာ မြတ်စွာဘုရားရဲ့ ဘဝဖြစ်စဉ် အကြောင်းအရာတွေကို ပြောပြ ခြင်းပါပဲ။ ကလေးတို့နားလည်အောင် ပြောပြရရင် လူတစ်ယောက်ရဲ့ဘဝအကြောင်းကို မွေးဖွားသည်မှ သေဆုံးသည့်တိုင်အောင် သူ့ဘဝ၊ သူ့ဒဿန၊ သူ့အတွေးအခေါ်၊ သူ့လုပ်ဆောင်ချက်၊ သူ့ရဲ့ စိတ်နေ စိတ်ထား၊ သူ့ခံယူချက်တွေကို ပြောပြခြင်းပါပဲ။ ဒါကြောင့် ဗုဒ္ဓဝင်ဆိုတာ မြတ်စွာဘုရားရဲ့ ဟောပြောချက်၊ အတွေ့အကြုံ လုပ်ဆောင် ချက်တွေကို ပြောပြခြင်းပါပဲ။ မြတ်စွာဘုရားဆိုတဲ့ သူတော်ကောင်းကြီးရဲ့ ဘဝအကြောင်းကိုသိရတော့ ကလေးတို့ အတုယူ၊ လိုက်နာမှု၊ အနစ်နာခံမှု တွေ ကျင့်သုံးလို့ ရတာပေါ့။ သူတော်ကောင်းဆိုတာ သူ့ဘက်က ကောင်းချင်ကောင်း၊ မကောင်း ချင်နေ ကိုယ့်ဘက်က အမြဲတမ်း ကောင်းပေးနေတာ သူတော်ကောင်းပါ။ ကလေးတို့မှာ ရတနာ၊ ရွှေ ငွေ မပြည့်စုံချင်နေပါစေ၊ လူသားနှင့် တိရစ္ဆာန်အားလုံးတို့ရဲ့အပေါ်မှာ ကိုယ်ချင်းစာတတ်တဲ့ စိတ်ထား၊ အနစ်နာခံတတ်တဲ့စိတ်ထား၊ စွန့်လွှတ်တတ်တဲ့ စိတ်ထား၊ သူတစ်ပါး ပျော်ရွှင် ချမ်းမြေ့ အောင် လုပ်ပေးချင်တဲ့စိတ်ထား၊ ကူညီပေးချင်တဲ့ စိတ်ထားတွေရှိနေလျှင် ကလေးတို့ကို ကလေး သူတော်ကောင်းလို့ ခေါ်ရမှာပေါ့။ သူတော်ကောင်းစိတ်ထားဆိုတာ အရွယ်နှင့်မဆိုင်ပါဘူး။ ကလေး တို့လည်း ကျင့်လို့ရတယ်။ မြတ်စွာဘုရားက အရွယ်နှင့်အကျင့်ကို လေးမျိုးပြောပြထားတာရှိတယ်။

- ✤ ကလေး ကလေး၊
- ✤ လူကြီး ကလေး၊
- ✤ ကလေး လူကြီး၊
- ✤ လူကြီး လူကြီး၊

| | | |
|---|---|---|
| ကလေး ကလေး ဆိုတာက | - | အရွယ်ကလည်း ငယ်ငယ်၊ အသိဉာဏ်ကလည်း ငယ်ငယ်။ |
| လူကြီး ကလေး ဆိုတာက | - | အရွယ်ကကြီးပေမယ့် အသိဉာဏ်ကတော့ ဘာဆို ဘာမှမရှိဘူး။ |
| ကလေး လူကြီး ဆိုတာက | - | အရွယ်ကငယ်ပေမယ့် အသိဉာဏ်ကတော့ လူကြီး ဆန်တယ်။ |
| လူကြီး လူကြီး ဆိုတာက | - | အရွယ်ကလည်းကြီး၊ အသိဉာဏ်ကလည်း မိုးထိ အောင် မြင့်မားတယ်။ |

ဒါကြောင့် ကလေးတို့ ကလေးလူကြီးဖြစ်အောင် လောကီ၊ လောကုတ္တရာ စာပေတွေ၊ အတုယူ အားကျစရာကောင်းတဲ့ သူတွေနဲ့ ဘဝဖြစ်စဉ်တွေကို များများဖတ်ရှု အတုယူပြီး ကလေးလူကြီး ဖြစ်နိုင်ပါစေလို့ . . .။

(မမွေ့ခအရှင်)

# Introduction

Dear children!

Buddhavaṁsa is telling you the life of the Buddha. To classify it, the story of a man's life, from the cradle to the grave, is unfolded through his life, philosophy, thoughts, activities, attitude, and concept. Thus, Buddhavaṁsa is telling you about the lord's discourse, experience, and activities. If you know the life of the lord who is a virtuous one, you, children can imitate, follow his example, and will be patient like him. A virtuous person is always good to the others whether they are good to him or not. Although you, children, are in lack of treasures, gold, or silver, you can be called virtuous persons if you empathize with humanity and animals, sacrifice yourselves, make others happy and help people. The virtuous attitude is nothing concerned with different levels of age. You, children, can cultivate yourselves to be virtuous. Our lord Buddha mentions four kinds of 'Age and Character' in his dhamma talk.

1. child-child
2. man-child
3. child-man
4. man-man

1. 'Child-child' is categorized as the ones who are young and have little knowledge.
2. 'Man-child' is categorized as the ones who came of age but have no knowledge.
3. 'Child-man' is categorized as the ones who are young but have mature mind.
4. 'Man-man' is categorized as the ones who are grown-up and surprisingly knowledgeable.

Children! Thus, to become 'child-man', I wish you all to read a lot of books on mundane and supramundane world and biographies of those who deserve to be emulated and to be 'child-man'.

**Dhammekha Ashin**

## ဗုဒ္ဓဝင်အကျဉ်း

| | | | |
|---|---|---|---|
| ၁။ | လူအမည် | - | သိဒ္ဓတ္ထ။ |
| ၂။ | ဘုရားဘွဲ့တော် | - | ဂေါတမ။ |
| ၃။ | မိဘအမည် | - | သုဒ္ဓေါဒနမင်းနှင့် သိရိမဟာမာယာဒေဝီ။ |
| ၄။ | ကြင်ယာတော် | - | ယသောဓရာ (ဘဒ္ဒကစ္စာနာ) |
| ၅။ | ရင်သွေးတော် | - | ရာဟုလာ |
| ၆။ | ယောက်ဖတော် | - | ဒေဝဒတ် |
| ၇။ | မိထွေးတော် | - | ဂေါတမီ |
| ၈။ | နေပြည်တော် | - | ကပိလဝတ်ပြည်(သက္ကတိုင်း၊ မဇ္ဈိမဒေသ) |
| ၉။ | ဖွားရာဌာန | - | လုမ္ဗိနီဥယျာဉ် |
| ၁၀။ | ဖွားမြင်သည့်နှစ် | - | ဘီစီ - ၆၂၄ |
| ၁၁။ | နန်းစံနှစ် | - | ၁၃ နှစ်ကြာ (၁၆ နှစ်မှ ၂၉ နှစ်အထိ) |
| ၁၂။ | နိမိတ်ကြီးများ | - | သူအို၊ သူနာ၊ သူသေ၊ ရဟန်း |
| ၁၃။ | ဗျာဒိတ်ခံယူသောဘဝ | - | သုမေဓာရသေ့ဘဝ |
| ၁၄။ | ဗျာဒိတ်ပေးသောဘုရား | - | ဒီပင်္ကရာမြတ်စွာဘုရား |
| ၁၅။ | ပါရမီဖြည့်ဖက် | - | သုမိတ္တာအမျိုးသမီး (ယသောဓရာအလောင်း) |
| ၁၆။ | ပါရမီဖြည့်ရာကာလ | - | လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း (သုမေဓာဘဝမှ ဝေဿန္တရာဘဝအထိ) |
| ၁၇။ | ပါရမီဖြည့်ရခြင်း၏ ရည်ရွယ်ချက် | - | သတ္တဝါများ၏အကျိုး ဆောင်ရွက်ရန် |
| ၁၈။ | ဒုက္ကရစရိယာကျင့်သည့်နေရာ | - | ဥရုဝေလတော |

| | | |
|---|---|---|
| ၁၉။ ဒုက္ကရစရိယာ | = | ခဲယဉ်းစွာပြုရသောအကျင့် |
| ၂၀။ ဒုက္ကရစရိယာ ကျင့်ရသောနှစ် | = | ၆ နှစ် |
| ၂၁။ တောထွက်တော်မူသောအရွယ် | = | ၂၉ နှစ် (ဘီစီ - ၅၉၅) |
| ၂၂။ ဘုရားဖြစ်ချိန်သက်တော် | = | ၃၅ နှစ် (ဘီစီ - ၅၈၉) |
| ၂၃။ ဘုရားပွင့်ချိန်သက်တမ်း | = | ၁၀၀ တမ်း |
| ၂၄။ အလုပ်အကျွေး | = | ပဥ္စဝဂ္ဂီ ၅-ဦး (ဒုက္ကရစရိယာကျင့်စဉ်) |
| ၂၅။ ပဥ္စဝဂ္ဂီ ၅-ဦးအမည် | = | ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ |
| ၂၆။ တရားဦးစဟောသည့်နေရာ | = | ဗာရာဏသီပြည်၊ မိဂဒါဝုန်တော |
| ၂၇။ ပထမဦးဆုံး သာဝကများ | = | ပဥ္စဝဂ္ဂီ ၅ - ဦး |
| ၂၈။ နောက်ဆုံး သာဝက | = | သုဘဒ္ဒပရိဗိုဇ် |
| ၂၉။ လက်ယာရံ အဂ္ဂသာဝက | = | အရှင်သာရိပုတ္တရာ |
| ၃၀။ လက်ဝဲရံ အဂ္ဂသာဝက | = | အရှင်မောဂ္ဂလာန် |
| ၃၁။ အဆုံးအမ သာသနာ | = | ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ |
| ၃၂။ ကျင့်စဉ်သိက္ခာ | = | သီလ, သမာဓိ, ပညာ |
| ၃၃။ ချမှတ်သောလမ်းစဉ် | = | မဇ္ဈိမပဋိပဒါ (မဂ္ဂင်လမ်းစဉ်) |

## A summary of Buddhavimsa, the life of the Buddha

| | | | |
|---|---|---|---|
| 1. | The name as a layman | - | Siddartha |
| 2. | The title of the Buddha | - | Gotama |
| 3. | Names of Parents | - | King Suddhodana and Queen Sri Mahā Māya Devei |
| 4. | Spouse | - | Yasodhara (Bhadda Kanjana) |
| 5. | Offspring | - | Rahula |
| 6. | Brother-in-law | - | Devadatta |
| 7. | Stepmother | - | Gotami |
| 8. | Capital | - | Kapilavatthu (Sakka Division, Majjhima Desa) |
| 9. | Birth Place | - | Lumbini Park (Uyāna) |
| 10. | The year in which the the Buddha was born | - | B.C 624 |
| 11. | Reign | - | 13 years (16 years to 29 years of age) |
| 12. | Portents | - | the aged, the sick, the dead and the recluse |
| 13. | The life when prophesied | - | The life of Hermit, Sumedha |
| 14. | The Buddha who prophesied | - | Dipamkara Buddha |
| 15. | Helpmate | - | Lady Sumitta (Future Yasodhara) |
| 16. | The period during which all the perfections were fulfilled | - | Four aeons and one hundred thousand worlds (from the life of Sumedha to king Vessantara) |
| 17. | The aim to fulfill the perfection | - | Striving for the good of all beings |
| 18. | The place where dukkaracariya | | |

(austere asceticism) was practiced- Uruvela forest

19. dukkaracariya - Austere asceticism
20. The period in which dukkaracariya was practiced - 6 years
21. The age when the future Buddha went forth on the Great Retirement - 29 years of age (BC-595)
22. The age when the future Buddha attained Buddhaship - 35 years of age (BC-589)
23. Life span in the time of the Buddha - 100 years
24. The ones who served the future Buddha - Pañcavaggi, the five disciples of the Buddha (when austere asceticism was being practiced)
25. The names of pañcavaggi - Kondañña, Vappa, Bhaddiya, Mahānam and Assaji
26. The place where the first Sermon was preached - The city of Banares, Migadavana, the Deer park
27. The first disciples - pañcavaggi
28. The last disciple - Subhadda Paribbājaka (paribbāj)
29. The chief Disciple of the lord Buddha serving at his right side - Ashin Sariputtara
30. The chief Disciple of the lord Buddha serving at his lifet side - Ashin Moggalan
31. Sasana, the Teachings of the Buddha - Pariyatti, Patipatti, Pativeda
32. Sikkhā, the practice - Sila, Samādhi, pañña
33. The way - Majjhima patipadā (Maggan Path)

## ဗုဒ္ဓဝင်အကျဉ်းလင်္ကာ

- ကဆုန်လပြည့် နေ့သောကြာ၊
ဗုဒ္ဓဖွားတဲ့ နေ့မြတ်ပါ။
သက္ကရာဇ်မှာ ခြောက်ဆယ့်ရှစ်၊
သုဒ္ဓေါ မင်းဖစစ်။

- မယာဒေဝီ မွေးမယ်တော်၊
ကပိလဝတ် နေပြည်မော်။
သာကီမျိုးနော် ထင်ရှားလှ၊
နွယ်တော်ဂေါတမ။

- သိဒ္ဓတ္ထတဲ့ - မည်နာမံ၊
ဆယ့်ခြောက်နှစ်မှာ ထီးနန်းစံ။
နှစ်ဆယ့်ကိုးမှာ တောထွက်သွား၊
ခြောက်နှစ်ကျင့်တရား။


- သုံးဆယ့်ငါးနှစ် ပြည့်လေတုံး
တစ်ရာ့သုံးခုကြုံ။
လပြည့်ကဆုန် ဗုဒ္ဓဟူး၊
ဗုဒ္ဓဖြစ်တဲ့ နေ့အထူး။

- သောင်းထိုက်မှုကြီး - ဒို့မြတ်စွာ၊
ဘုံသုံးပါးလုံး ထင်ရှားတာ။
သတ္တဝါများစွာ - ချမ်းသာရေး၊
တရားရေအေး တိုက်ကာကျွေး။

- ဝါလေးဆယ့်ငါး ပြည့်လေသော်၊
သက်တား ရှစ်ဆယ်နော်။
နိဗ္ဗာန်ပြည်တော် ကြွလို့သွား၊
ငါတို့ဘုရား ဒို့ဘုရား။
ငါတို့ဘုရား ဒို့ဘုရား။
ငါတို့ဘုရား ဒို့ဘုရား။

## The Poem Summing up the Buddavamsa

- Friday, Kason, Fullmoon Day,
Buddha born in noble way.
- Sixty-eights' in Myanmar era,
King Suddho is real pa.
- Māyā Devi, his mommy,
Kapilavatthu's great city;
- Royal Lineage, Sākiya,
To which belonged Gotama.
- Given name as Siddharttha,
He's reigned for sixteen years;
- Great Retirement's at twenty-nine,
Austere in six-year's time;
- At the age of thirty-five,
Itundred and three does coincides;
- Wednesday, Kason, Full-moon day,
Enlightened on specific day;
- Thou art lord of Cakkavalā
Ten-thousand spheres' in number;
- Established had thy fame,
All know thee in all three planes;
- For the good of all the beings,
Given Dhamma as cold spring;
- Forty-five vāsa had he passed,
Age of eighty good enough;
- He has attained Nibbāna,
Our Buddha! lord Buddha!




## အမေး ၁

မ-သိ-ကြ-လျှင်-တွေး-ဆ-ဦး ဟု ရှေးပညာရှင်များ ဗုဒ္ဓဘဝ၊ ဗုဒ္ဓဖြစ်စဉ်ကို အတိုကောက် မှတ်သားခဲ့ကြရာ ဘာအဓိပ္ပာယ်ကို ဆိုလိုပါသလဲ။

## Question 1

The ancient scholar made the life of Buddha known by the acronym 'Ma Thi Kya Hlyin Tway Hsa Oo' [Make out if you have no idea]. What does this acronym mean?



## အဖြေ ၁

(မ) = ကြာသပတေးနေ့ = သန္ဓေယူတော်မူသည်။
(သိ) = သောကြာနေ့ = ဖွားမြင်တော်မူသည်။
(ကြ) = တနင်္လာနေ့ = တောထွက်တော်မူသည်။
(လှိုင်) = ဗုဒ္ဓဟူးနေ့ = ဘုရားဖြစ်တော်မူသည်။
(တွေး) = စနေနေ့ = ဓမ္မစကြာတရား ဟောတော်မူသည်။
(ဆ) = အင်္ဂါနေ့ = ပရိနိဗ္ဗာန်စံတော်မူသည်။
(ဦး) = တနင်္ဂနွေနေ့ = တေဇောဓာတ်လောင်တော်မူသည်။

## Answer 1

(Ma) (မ) - Thursday - Future Buddha accept being formed in the mother's womb;
(Thi) (သ) - Friday - born;
(Kya) (က) - Monday - went forth on the Great Retirement;
(Hlyin) (လ) - Wednesday - attained Buddhaship,
(Tway) (တ) - Saturday - preached the first sermon (Dhammacakka)
(Has) (ဆ) - Tuesday - passed away ultimately/ passed into Nibbâna;
(Oo) (အ) - Sunday - the body of the Buddha was cremated;



## အမေး ၂

လေးသင်္ချေကို ဘယ်လိုရေတွက်မလဲ။

## Question 2

How can four immensities be calculated?



## အဖြေ ၂

ဒီပင်္ကရာဘုရားနှင့် ကောဏ္ဍညဘုရားကြားမှာ ကမ္ဘာပေါင်း အရေအတွက်မရှိလို့ အသင်္ချေ (၁) ခု။ ကောဏ္ဍည ဘုရားနှင့် မင်္ဂလဘုရားကြားမှာ ကမ္ဘာပေါင်း အရေအတွက်မရှိလို့ အသင်္ချေ (၁) ခု။ သောဘိတ ဘုရားနှင့် အနောမဒဿီ ဘုရားကြားမှာ ကမ္ဘာပေါင်း ဘယ်လောက်ကြာတယ်ဆိုတာ အရေအတွက်မရှိလို့ အသင်္ချေ (၁)ခု။ နာရဒ မြတ်စွာဘုရားနှင့် ပဒုမုတ္တရ မြတ်စွာဘုရားကြားမှာ ကမ္ဘာပေါင်း ဘယ်လောက်ကြာတယ်ဆိုတာ အရေအတွက်မရှိလို့ အသင်္ချေ (၁) ခု လို့ခေါ်ပါတယ်။

## Answers 2

There was one immensity between Dipaṁkara Buddha and Kondañña Buddha as there were no world-cycles to be calculated; there was one immensity between kondañña Buddha and Mañgala Buddha as there were no world-cycles to be calculated; there world-cycles to be calculated; there was one immensity between Sobhita Buddha and Anomadassi Buddha as there were no world-cycles to be calculated; there wars one immensity between. Narada Buddha and Padumuttara Buddha as there were no world-cycles to be calculated.



## အမေး ၃

အလောင်းတော်သည် ပါရမီဖြည့်ကျင့်ရာ (၄) အသင်္ချေ ကမ္ဘာတစ်သိန်းကာလ၌ ပွင့်တော်မူရာ မြတ်စွာဘုရားထံတော်ပါး ရဟန်းဘဝ၊ ရသေ့ဘဝ၊ လူ့ဘဝ စသည် ဘဝတို့ဖြင့် ဘဝပေါင်း ဘယ်လောက် ဗျာဒိတ်ခံယူခဲ့ပါသနည်း။

## Question 3

For how many lives has the Future Buddha made his wish under the Buddhas during four immensities and a hundred thousand world-cycles in which all the perfections are to be fulfilled?



## အဖြေ ၃

| | | | |
|---|---|---|---|
| ၁။ | ရဟန်းဘဝဖြင့် ဗျာဒိတ်ခံယူခဲ့သည့်ဘဝ | ၉ | ဘဝ |
| ၂။ | ရသေ့ဘဝဖြင့် ဗျာဒိတ်ခံယူခဲ့သည့်ဘဝ | ၅ | ဘဝ |
| ၃။ | လူ့ဘဝဖြင့် ဗျာဒိတ်ခံယူခဲ့သည့်ဘဝ | ၅ | ဘဝ |
| ၄။ | နဂါးဘဝဖြင့် ဗျာဒိတ်ခံယူခဲ့သည့်ဘဝ | ၂ | ဘဝ |
| ၅။ | အဖြစ်တော် တစ်မျိုးစီဖြင့် ဗျာဒိတ်ခံယူခဲ့သည့်ဘဝ | ၃ | ဘဝ |
| | | ၂၄ | ဘဝ |

## Answer 3

He has made his wish:

| | | |
|---|---|---|
| as a monk for | --- | (1) 9 lives; |
| as a hermit for | --- | (2) 5 lives; |
| as a human being for | --- | (3) 5 lives; |
| as a dragon for | --- | (4) 2 lives; |
| as a different life for | --- | (5) 3 lives; |
| | | 24 lives |




## အမေး ၄

ဂေါတမဗုဒ္ဓ ဘုရားအလောင်းတော်ကို ဗျာဒိတ်ပြောကြားတော်မူသော ဘုရား (ဗျာဒိတ်ပေး ဘုရား) ပေါင်း ၂၄ ဆူရှိပါသည်။ ထိုဗျာဒိတ်ကြား ဘုရား ၂၄ ဆူတို့ကို ရေတွက်ပြပါ။

## Question 4

There are twenty-four Buddhas who prophesied our Future Gotama. Calculate these twenty-four Buddhas.



## အဖြေ ၄

၁။ဒီပင်္က၊ ၂။ ကောဏ္ဍည၊ ၃။ မင်္ဂလ၊ ၄။ သုမနဘုရား၊ ၅။ ရေဝတ၊ ၆။ သောဘိတ၊ ၇။ အနောမဒဿီ၊ ၈။ ပဒုမ ၊ ၉။ နာရဒ၊ ၁၀။ ပဒုမုတ္တရ၊ ၁၁။ သုမေဓ၊ ၁၂။ သုဇာတ ၁၃။ ပိယဒဿီ၊ ၁၄။ အတ္ထဒဿီ ၊ ၁၅။ ဓမ္မဒဿီ၊ ၁၆။ သိဒ္ဓတ္ထ၊ ၁၇။ တိဿ ၁၈။ ဖုဿ၊ ၁၉။ ဝိပဿီ၊ ၂၀။ သိခီ၊ ၂၁။ ဝေဿဘူ၊ ၂၂။ ကကုသန္ဓ၊ ၂၃။ ကောဏာဂမန၊ ၂၄။ ကဿပ ဘုရားတို့ဖြစ်သည်။

## Answer 4

1. Dipaṁkara; 2.Kondañña; 3. Mañgala; 4. Samana; 5. Revata; 6. Sobhita;
7. Anomadassi; 8. Paduma, 9. Narada; 10. Padumuttara, 11. Sumedha;
12. Sujâta; 13. Piyadassi; 14. Atthadassi; 15. Dhammadassi; 16. Siddhatta;
17. Tissa; 18. Phussa; 19. Vipassi; 20. Sikkhi; 21. Vessabhû;
22. Kakusandha; 23. Konâ gamana; 24. Kassapa.



## အမေး ၅

နှစ်ကျိပ်ရှစ်ဆူ ဘုရားများနှင့် ဗျာဒိတ်တော်ကြားဘုရား (၂၄) ဆူတို့သည် ဘယ်လို ကွားခြား ပါသလဲ။

## Question 5

What is the difference between twenty-eight Buddhas and twenty four Buddhas who prophesied?



## အဖြေ ၅


ဒီပင်္ကရာမြတ်စွာဘုရားအထက် ပွင့်တော်မူပြီး ဘုရား (၃) ဆူ ပွင့်ခဲ့ ပါသည်။

၁။ တဏှင်္ကရာ မြတ်စွာဘုရား ၂။ မေဓင်္ကရာ မြတ်စွာဘုရားနှင့် ၃။သရဏင်္ကရာ မြတ်စွာဘုရားတို့ ဖြစ်ပါသည်။ ထို့ကြောင့် သုမေဓာရသေ့ ဗျာဒိတ်ခံခဲ့သည့် ဒီပင်္ကရာဘုရား မပွင့်ခင် ၃ - ဆူ။ ဒီပင်္ကရာဘုရားမှသည် ကဿပဘုရားရှင်တိုင် ပွင့်ခဲ့သည့်ဘုရား ၂၄ - ဆူ။ ဂေါတမမြတ်စွာဘုရား ၁ - ဆူ။ စုစုပေါင်း နှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဘုရားများဖြစ်သည်။

## Answer 5

Above Dipaṁkara Buddha, there have been three Buddhas who attained Buddhaship. Those Buddhas are as follows:

(1) Tanhamkara Buddha, (2) Medhamkara Buddha and (3) Saranaṁkara Buddha. Before Dipaṁkara Buddha who prophesied the hermit smedha attained Buddhaship, there were 3 former Buddhas. There were 24 Buddhas from dipaṁkara Buddha to Kassapa Buddha and one Buddha, Gotama Buddha. There was a total number of 28 Buddhas.




## အမေး ၆

မိဘ၊ ဘိုးဘွားများ အစဉ်အဆက် ကြိုးစားပြီး ရှာဖွေလာခဲ့ကြရာ မိဘ၊ ဘိုး ဘွား၊ ဥစ္စာရှင်များ ကွယ်လွန်သွားကြပြီးနောက် သုမေဓာ သတို့သားလက်ထဲသို့ ရောက်လာသော ဥစ္စာကိုမြင် ဘာအကြံ ဖြစ်ခဲ့ပါသလဲ။

## Question 6

A large amount of properties have been accumulated for many generations of ancestors. What did sumedha think looking at the properties in his hands then when parents and grandparents who had owned those properties died?




## အဖြေ ၆

သုမေဓာ သတို့သားသည် ပစ္စည်းဥစ္စာများကိုကြည့်၍ “ငါ၏မိဘ၊ ဘိုးဘွား ဆွေမျိုး အဆက်ဆက်တို့သည် ဥစ္စာပစ္စည်းကို ရှာရုံသာ ရှာတတ်၍ ကိုယ့်နောက်ပါ အောင် ယူဆောင် မသွားနိုင်ခဲ့ကြရှာပေ။ ငါသည်က ကိုယ့်နောက်ပါအောင် ယူဆောင် သွားမည်” ဟု ကြံစည်စဉ်းစားလေသည်။ အပူရှိလျှင် အအေးရှိသကဲ့သို့ သေခြင်း၊ သဘောရှိလျှင် မသေခြင်းသဘောလည်း ရှိရမည်ဟု စွဲမြဲစွာ ယုံကြည်ထားလေသည်။

## Answer 6

Looking at the properties and treasures. Sumedha thought, "My grand-parents, parents and relatives only know how to find properties and treasures through their generations but they could not carry their belongings along with them but I'm going to carry mine with me." He conceived that if there is something 'hot', there also is something 'cold' and if there is mortality, must there be immortality.



## အမေး ၇

ပါရမီဖြည့်ဖက်ဟုဆိုကြရာ အချမ်းဒဏ်၊ အပူဒဏ်၊ လောကဓံတို့ဖြင့် ရင်ဆိုင်၍ ပါရမီဖြည့်ဖက် ဖြစ်သော သုမိတ္တာနှင့် ဘုရားအလောင်း သုမေဓာရှင်ရသေ့တို့ ဘယ်လို တွေ့ဆုံခဲ့ကြပါသလဲ။

## Question 7

There is a word 'Paramiphyaebet', commonly said. How did the future Buddha, the ascetic Sumedha, meet with sumitta, his constant companion and helpmate, through thick and thin?




## အဖြေ ၇

လမ်းမပြီးခင် ဒီပင်္ကရာဘုရားရှင်ကြွလာ၍ ဘုရားရှင် ရွှံ့ပေါ်မကြွရလေအောင် ရှင်ရသေ့သည် ကိုယ်ကိုစင်း၍ ဝမ်းလျားမှောက်လျက် တံတားခင်း လှူခဲ့လေသည်။ ဘုရားရှင်ကို ကြိုဆိုနေကြသော ပရိသတ်ထဲတွင် သုမိတ္တာ အမျိုးသမီးတစ်ယောက် သည် မိမိတွင်ပါလာသော ကြာပန်းရှစ်ခိုင်တွင် သုံးခိုင်ကို ချန်၍ ကျန်ငါးခိုင်ကို ရှင်ရသေ့လက်သို့ ဆက်ကပ်လိုက်လေသည်။ ထိုအချိန်မှစ၍ သုမိတ္တာအမျိုးသမီးသည် သုမေဓာရှင်ရသေ့အတွက် ပါရမီဖြည့်ဖက်အနေဖြင့် တွေ့ဆုံခဲ့ကြပါသည်။

## Answer 7

Before the road had been cleaned, Dipam'kara Buddha came along that way. The ascetic offered himself by laying his body down like a bridge on the muddy place in order not to let Dipaṁkara Buddha walk on it. Among the lay devotees welcoming the lord, there was a young lady sumitta bearing eight stalks of lotus flowers. She gave the ascetic five stalks and kept for herself three stalks for her own aspiration. Since then, lady sumitta had also been prophesied as the constant companion and helpmate of the ascetic sumedha until the life of siddharttha.




**အမေး ၈**

ဒီပင်္ကရာဘုရားရှင်ကို ဖူးတွေ့ရသော သုမေဓာရှင်ရသေ့ကလေး၏ အဓိဋ္ဌာန် နှင့် ကြုံးဝါးချက် များက ဘာတွေပါလဲ။

## Question 8

How did the ascetic sumedha vow when he paid homage to Dipaṁkara Buddha?



## အဖြေ ၈

ငါသည် နိဗ္ဗာန်ကိုရယူလျှင် ယနေ့ပင် ရယူနိုင်ရာ၏။ သို့သော် သတ္တဝါများကို ကယ်တင်နိုင်သော အစွမ်းအစများရှိပါလျက် တစ်ဦးတည်း ကိုယ်လွတ်ရုန်းသွားခြင်းကား မသင့်လျော်ချေ။ ငါသည်လည်း ဒီပင်္ကရာဘုရားကဲ့သို့ ဘုရားဖြစ်အောင် ကြိုး စားတော့အံ့ဟု ခိုင်မြဲစွာ အဓိဋ္ဌာန်ပြုလိုက်လေသည်။

## Answer 8

If I wanted to attain Nibbâna, I could do it now. But it was not fair for me to escape alone though there was a potentiality in myself to save the beings. He thought so. He vowed that he would strive to become a Buddha like Dipamakara Buddha.



## အမေး ၉

ပါရမီ (၁၀) ပါးကို ရေတွက်ပြပါ။

## Question 9

What are ten perfections? Express them namely.



## အဖြေ ၉

ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ။

## Answer 9

1. dâna pârami - giving;
2. sila pârami - conduct; moralty
3. nikkhama pârami - taking to the forest;
4. paññâ pârami - perception;
5. viriya pârami - diligence;
6. khanti pârami - the striving for perfection of forbearance as a virtue;
7. saccâ pârami - verity;
8. adhitthâna - resolution;
9. mettâ - loving-kindness;
10. upekkhâ - detachment



## အမေး ၁၀

ဒါနပါရမီ ဖြည့်ကျင့်တော်မူသည်ဆိုတာ ဘယ်လိုလဲ။

## Question 10

How is dâna pârami (act of giving) accomplished?




## အဖြေ ၁၀

မိမိပိုင်ဆိုင်သော သက်ရှိသက်မဲ့ ပစ္စည်းများကို သူတစ်ပါးအား ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်းသည် ဒါနပါရမီကို ဖြည့်ကျင့်တော်မူခြင်းဖြစ်ပါသည်။ ဒါနပါရမီကို ဘဝများစွာ ဖြည့်ကျင့်ရာ၌ လူ့စည်းစိမ်၊ နတ်စည်းစိမ်များကို မတောင့်တ၊ မမျှော်မှန်း၊ သတ္တဝါအများကို ကယ်မနိုင်ရန် သဗ္ဗညုတဉာဏ်ရဖို့ရန် ရည်သန်တောင့်တတော်မူသည်။

## Answer 10

Giving or donation of living beings or material requisites that one owns made to others is the accomplishment of dâna pârami. In fulfilling dâna pârami, donation is made not with the aim of enjoying the worldly pleasures of a human being or god, but with the aim of the attainment of omniscience to help beings liberate from the endless round of rebirths.



### အမေး ၁၁

သီလပါရမီ ဖြည့်ကျင့်တော်မူသည်ဆိုတာ ဘယ်လိုလဲ။

### Question 11

How is sila pârami (morality or moral conduct) fulfilled?




## အဖြေ ၁၁

အကုသိုလ် မဖြစ်ရလေအောင် ကိုယ်နှင့် နှုတ်တို့ကို မိမိကိုယ်ကို မိမိကိုယ်တိုင် တာဝန်ယူ စောင့်ထိန်းခြင်းကို သီလပါရမီ ဖြည့်ကျင့်တော်မူခြင်း ဖြစ်ပါသည်။

## Answer 11

Moral observance of bodily and verbal actions is fulfilling sila pârami.



## အမေး ၁၂

နေက္ခမ္မပါရမီ ဖြည့်ကျင့်တော်မူသည်ဆိုတာ ဘယ်လိုလဲ။

## Question 12

How is nikkama pârami (renunciation) accomplished?




## အဖြေ ၁၂

လောကီအာရုံ ကာမဂုဏ်များနှင့် သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးများကို မစွဲမက် မစုံမက်ဘဲ စွန့်ခွာ၍ တစ်ယောက်တည်း ရသေ့ရဟန်းပြုခြင်း၊ တောထွက်ခြင်းမျိုးကို နေက္ခမ္မပါရမီကို ဖြည့်ကျင့်တော်မူခြင်း ဖြစ်ပါသည်။ ဘဝများစွာ နေက္ခမ္မပါရမီကို ဖြည့်ကျင့်ရာ၌ အယောဃရ မည်သော မင်းသားဘဝသည် အလွန်ထင်ရှား၍ အသိများသောဘဝ ဖြစ်ပါသည်။

## Answer 12

Without being attached to the worldly pleasures, living beings, and material requisites, taking to the forest as an ascetic is the accomplishment of nikkhama pârami.



## အမေး ၁၃

ပညာပါရမီ ဖြည့်ကျင့်တော်မူသည်ဆိုတာ ဘယ်လိုလဲ။

## Question 13

How is pañña (wisdom or perpection) pârami fulfilled?



## အဖြေ ၁၃

ပညာပါရမီ ဖြည့်ကျင့်သည်ဆိုရာ၌ ပထမ မိမိကိုယ်တိုင် တတ်သိနားလည်အောင် ကြိုးစား သင်ယူရ၏။ တိုးတက်အောင် ကြံစည်စဉ်းစားရ၏။ မိမိတတ်သိ ကျွမ်းကျင် နားလည်ထားသော ပညာကို သူတစ်ပါးတို့အား တတ်အောင်သင်ပြပေးခြင်း၊ မိမိတတ်သိ နားလည်သောပညာဖြင့် အများအကျိုးရှိအောင် ဆောင်ရွက်ပေးခြင်းကို ပညာပါရမီဖြည့်ကျင့်သည်ဟု ခေါ်ပါသည်။

## Answer 13

In fulfilling pañña pârami, one needs to strive to know by himself or herself first, increase knowledge through thinking, teach what one has gained to others, do something good for all. That is fulfilling p pañña pârami.



## အမေး ၁၄

ဝီရိယပါရမီတော်ကို ဖြည့်ကျင့်တော်မူသည်ဆိုတာ ဘယ်လိုလဲ။

## Question 14

How is viriya (diligence) pârami fulfilled?




## အဖြေ ၁၄

အများအတွက် ကောင်းကျိုးချမ်းသာရေး လုပ်ငန်းမှန်သမျှတို့တွင် သက်စွန့် ကြိုးပမ်းအစွမ်းကုန် လုံ့လဝီရိယများကို အားထုတ်ပြုလုပ်ဆောင်ရွက်ခြင်းကို ဝီရိယ ပါရမီဖြည့်ကျင့်သည်ဟု ဆိုပါသည်။

## Answer 14

Making strenuous efforts in whatever one does for the good of others even at the risk of one's life means the fulfillment of viriya pârami.



## အမေး ၁၅

ခန္တီပါရမီတော်ကို ဖြည့်ကျင့်တော်မူသည်ဆိုတာ ဘယ်လိုလဲ။

## Question 15

How is khanti (for bearandce) pârami fulfilled?




## အဖြေ ၁၅

မိုက်မဲ၍ ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ လုပ်သင့် မလုပ်သင့် မဆုံးဖြတ်နိုင်ဘဲ တွေဝေသည်ဖြစ်စေ 'လူမိုက်တို့သည် ငါ့အပေါ်၌ ပြုလုပ်လာသော စော်ကားမှုကို ငါက ပြန်၍ တုံ့ပြန်မှုပြုလျှင် ထိုလူမိုက်တို့နှင့်မခြား ငါတူနေလိမ့်မည်' ဟု ကြံစည်၍ ဒေါသ မထွက် စိတ်ပျက်အားငယ်မှုမရှိဘဲ စိတ်အေးအေးနှင့် မိမိက အလျှော့ပေး အနစ်နာခံ လိုက်ခြင်းကို ခန္တီပါရမီ ဖြည့်ကျင့်သည်ဟု ဆိုပါသည်။

## Answer 15

If I take it as an insult or revenge it when the silly ones do insulting me whether they are silly, ignorant or wavering to decide something that should be done or not be done, I would be the same to them. By thinking so, if one feels no irritation, is not in despair, keeps himself or herself cool and forgives them, it means that one fulfills the khanti pârami.




## အမေး ၁၆

သစ္စာပါရမီတော်ကို ဖြည့်ကျင့်တော်မူသည်ဆိုတာ ဘယ်လိုလဲ။

## Question 16

How is saccâ (verity) pârami fulfilled?



## အဖြေ ၁၆

ပြောသည့်အတိုင်း လုပ်ခြင်း၊ လုပ်သည့်အတိုင်းပြောခြင်း၊ မှန်ရာကိုသာ ပြောဆိုခြင်းသည် သစ္စာပါရမီဖြည့်ကျင့်သည်ဟု ဆိုပါသည်။ ဘုရားအလောင်းတော်သည် ဖြစ်လေရာဘဝတိုင်း သူတစ်ပါးအကျိုးပျက်အောင် မုသားစကားကို မည်သည့်ဘဝတွင်မျှ မဆိုခဲ့ပေ၊ ဘဝတိုင်း သစ္စာပါရမီကို ဖြည့်ကျင့်ခဲ့လေသည်။

## Answer 16

If one does what one has said, says what one has done, and tells the truth, it is the striving for perfection of truth as a virtue. In any existences before the attainment of Buddhahood, the Future Buddha never tells lies so as to spoil the benefits of others. It is how saccâ pârami is fulfilled.



## အမေး ၁၇

အဓိဋ္ဌာန်ပါရမီတော်ကို ဖြည့်ကျင့်တော်မူသည်ဆိုတာ ဘယ်လိုလဲ။

## Question 17

How is adhitthâna (resolution) pârami fulfilled?




## အဖြေ ၁၇

ဒါနအစရှိသော ပါရမီကောင်းမှုများကို သတ်မှတ်ထားသည့်အတိုင်း မပျက်မကွက် စွဲစွဲမြဲမြဲ အောင်မြင်ပြီးမြောက်အောင် ပြုလုပ်မည်ဟု စိတ်ကိုဆုံးဖြတ်ထားခြင်း၊ ဆုံးဖြတ်ထားသည့်အတိုင်း ပြုလုပ်မှုကို အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်သည်ဟု ဆိုပါသည်။

## Answer 17

Adhitthâna pârami is determination on a good cause that is to fulfill ten perfections such as dâna, sila. ect. and its pursuit.



### အမေး ၁၈

မေတ္တာပါရမီတော်ကို ဖြည့်ကျင့်တော်မူသည်ဆိုတာ ဘယ်လိုလဲ။

### Question 18

How is mettâ (loving-kindness) pârami fulfilled?




## အဖြေ ၁၈

မေတ္တာစိတ်ထားသူတို့သည် မိမိအပေါ် သူတစ်ပါးက မတော်မတရားပြုမှု ပြောဆိုစေကာမူ ထိုသူ၏ အပြစ်ကိုမကြည့်၊ ထိုသူ၏ ကောင်းကွက်ကိုသာ ရှာကြည့်ကာ သူ့အကျိုးကို ဆောင်ရွက်ပေးခြင်း သူတစ်ဖက်သား ကြီးပွားချမ်းသာစေလိုသော စိတ်ထားသည် မေတ္တာပါရမီ ဖြည့်ကျင့်သည်ဟု ဆိုပါသည်။

## Answer 18

The ones who have loving-kindness look on the bright side of others, do something good for them and have willingness to help others prosperous and rich are striving for the perfection of mettâ pârami.



## အမေး ၁၉

ဥပေက္ခာပါရမီတော်ကို ဖြည့်ကျင့်တော်မူသည်ဆိုတာ ဘယ်လိုလဲ။

## Question 19

How is upekkhâ (detachment) pârami fulfilled?



## အဖြေ ၁၉

သူတစ်ဖက်သားအား မုန်းလည်းမမုန်း၊ ချစ်လည်းမချစ်၊ ဘက်မလိုက် မျှမျှတတ သမာသမတ် အလယ်အလတ်တည့်မှတ်သော စိတ်ထားကို ဥပေက္ခာပါရမီ ဖြည့်ကျင့်သည်ဟု ဆိုပါသည်။

## Answer 19

The one who neither hates nor loves others and who have no bias but fairness is striving for the perfection of mettâ pârami.



## အမေး ၂၀

လေးသင်္ချေနှင့် ကမ္ဘာတစ် သိန်းကြာအောင် ပါရမီဖြည့်ကျင့်တော်မူခဲ့ရာ ဘယ်ဘဝ၌ ပါရမီတော်အားလုံး ပြီးပြည့်စုံခဲ့ပါသလဲ။

## Question 20

In fulfilling the perfections for four immensities and a hundred thousand world-cycles, in which life did the Future Buddha fulfill all perections?



## အဖြေ ၂၀

ဘုရားအလောင်းတော်သည် ထိုပါရမီ (၁၀)ပါး၊ အပြား (၃၀) တို့ကို လေး သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာအောင် ပါရမီဖြည့်ကျင့်တော်မူခဲ့ရာ ဝေဿန္တရာမင်းဘဝ၌ ပါရမီတော်အားလုံး ပြီးပြည့်စုံခဲ့ပါသည်။

## Answer 20

In fulfilling 10 perfection, and 30 different kinds for four immensities and one hundred thousand world-cycles, the Future Buddha fulfilled all perfection in the life of king Vassantarâ.



## အမေး ၂၁

ဘုရားအလောင်းတော်သည် ဘဝများစွာ ပါရမီတော်တို့ကို ဖြည့်ကျင့်ရာ၌ ရည်မှန်းချက်ကြီး (၃) ချက်က ဘာတွေလဲ။

## Question 21

What are the purposes of practicing (cariya) of the Future Buddha in fulfilling perfections for many existences?



## အဖြေ ၂၁

(၁) လောကတ္ထစရိယာ - လောကလူသား၊ ကမ္ဘာသူကမ္ဘာသား သတ္တဝါ အများ ကောင်းစားချမ်းသာရေး ကျင့်စဉ်။

(၂) ဉာတတ္ထစရိယာ - မိမိ၏ အမျိုးသား၊ မိမိလူမျိုး ကောင်းစား ချမ်းသာရေးကျင့်စဉ်။

(၃) ဗုဒ္ဓတ္ထစရိယာ - သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော သဗ္ဗညုတဘုရား ဖြစ်ရေးကျင့်စဉ်။

## Answer 21

1. Lokatthacariya - striving for worldly benefits;
2. mnâtthacariya - striving for the good of one's family, relatives, nation, ect.,
3. Buddhatthacariya - striving towards attainment of Buddhahood so as to save the beings liberate from the suffering caused by the round of rebirths.



## အမေး ၂၂

သာမန်လူတို့ စွန့်လွှတ်နိုင်ခဲသော အရာများကို ဘုရားအလောင်းတော်သည် စွန့်လွှတ်နိုင်ခဲ့ရာ ဘာတွေစွန့်လွှတ်ခဲ့သလဲ။

## Question 22

What are the great acts of renunciations of the future Buddha that can be scarcely done by common ones?




## အဖြေ ၂၂

(၁) တိုင်းပြည်နိုင်ငံ ထီးနန်းစည်းစိမ်ကိုစွန့်၍ ပါရမီဖြည့်ခြင်း ။
(၂) သားသမီးတို့ကို စွန့်လှူခြင်း။
(၃) ဇနီးမယားကိုပင် စွန့်လှူခြင်း။
(၄) မိမိခန္ဓာ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို စွန့်လှူခြင်း။
(၅) နောက်ဆုံး အသက်ကိုပင်လျှင် နှမြောတွန့်တိုမှုမရှိဘဲ စွန့်လှူခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ရသည်။

## Answer 22

1. Renunciations of one's country and luxuries of kingship to fulfill perfections;
2. Giving away one's children;
3. Giving away one's wife;
4. Sacrifice of limbs and organs;
5. Sacrificing one's life.



## အမေး ၂၃

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ပေါ်ပေါက်လာရခြင်း၏ အကျိုး ကျေးဇူးများက ဘာတွေလဲ။

## Question 23

What are the benefits of the emergence of Buddha Ratanâ, Dhamma Ratanâ and simgha Ratanâ?



## အဖြေ ၂၃

- သတ္တဝါအများ၊ အကျိုးစီးပွား၊ ဘုရားမြတ်စွာ ပေါ်ရသည်။
- သတ္တဝါအများ၊ ချမ်းသာပွား၊ တရားမြတ်စွာ ဟောရသည်။
- သတ္တဝါအများ၊ ကုသိုလ်ပွား၊ သံဃာများစွာ ပေါ်ရသည်။

## Answer 23

1. Buddha nobly emerged for the good of beings.
2. Dhamma was nobly delivered for the happiness of beings.
3. Saṁgha nobly emerged for the beings to increase practising dâna (giving way).



## အမေး ၂၄

မြတ်စွာဘုရားသည် ဘုရားအဖြစ်ဖြင့် (၄၅) နှစ်တိုင်တိုင် နေတော်မူသွားရာ တစ်နေ့တာ အချိန်ကို ဘယ်လိုအသုံးပြုသွားပါသလဲ။

## Question 24

The Buddha came into existence as the lord Buddha for 45 vâsa. How did he make his daily habits?



## အဖြေ ၂၄

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်ဖြင့် (၄၅) နှစ်တိုင်တိုင် တစ်နေ့တာ အချိန်ကို အလုပ်လုပ်ရာတွင် နံနက်ခင်းလုပ်ငန်း၊ ဆွမ်းစားပြီးချိန်လုပ်ငန်း၊ ညဉ့်ဦးယံ လုပ်ငန်း၊ သန်းခေါင်ယံလုပ်ငန်း၊ မိုးသောက်ယံလုပ်ငန်းဟူ၍ တစ်နေ့တာဆောင်ရွက် ဖွယ် လုပ်ငန်းစဉ်များကို (၅)ပိုင်းပိုင်း၍ သူ့အချိန်နှင့်သူ မလစ်လပ်စေရအောင် နေ့စဉ် ဆောင်ရွက်တော်မူပါသည်။

## Answer 24

The habits were fivefold: his before-breakfast habits, his after- breakfast habits, his habits of the first watch of the night, his habits of the middle watch of the night; his habits of the last watch of the night. He never failed to make his habits.



## အမေး ၂၅

မြတ်စွာဘုရားရှင်သည် တစ်နေ့တာအချိန်ကို (၅) ပိုင်း ပိုင်း၍ ဆောင်ရွက်ရာတွင် နံနက်ခင်း၊ လုပ်ငန်းစဉ် (ပုရေဘတ္တကိစ္စ)ကို ဘယ်လိုဆောင်ရွက်ပါသလဲ။

## Question 25

As the Buddha devided his day into five routines, how did he make his before-breakfast (pure bhatta kicca)?



## အဖြေ ၂၅

မြတ်စွာဘုရားရှင်သည် အရုဏ်တက်ချိန်မတိုင်မီ အိပ်ရာမှထတော်မူ၍ သတ္တဝါအားလုံးတို့၏ စရိုက်ဓာတ်ခံ စိတ်နေစိတ်ထား ပါရမီအနုအရင့်တို့ကို ကြည့် ဆင်ခြင်တော်မူလျက် သင့်တော်သော တရားတော်မြတ်ကို ဟောကြားတော်မူခြင်းသည် နံနက်ခင်း လုပ်ငန်းစဉ်ဖြစ်ပါသည်။

## Answer 25

The Blessed one would rise early in the morning before dawn, and, with due consideration for the different dispositions of the minds of the disciples or lay devotees, would teach them the Doctrine that suited to their characters.




## အမေး ၂၆

မြတ်စွာဘုရားရှင်သည် တစ်နေ့တာ အချိန်ကို (၅) ပိုင်း ပိုင်း၍ ဆောင်ရွက်ရာတွင် နေ့လယ်ခင်း လုပ်ငန်းစဉ် (ပစ္ဆာဘတ္တကိစ္စ)ကို ဘယ်လိုဆောင်ရွက်ပါသလဲ။

## Question 26

How did the Blessed one make his after-breakfast (pacchâ bhatta kicca) habits?




## အဖြေ ၂၆

မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပြီးသော် ကျောင်းတော်သို့ပြန်လာပြီး နေ့စဉ်နှင့်အမျှ ခြေဆေးရာနေရာ၌ရပ်ပြီး နေ့တိုင်းနေ့တိုင်း ဆုံးမတော်မူသော စကား (၅) ခွန်းတို့ကို မိန့်ခြွေတော်မူသည်။ လောက၌ ဘုရားရှင် ပွင့်ထွန်းတော်မူခြင်း ဖြစ်ပေါ်ခဲ၏၊ လူအဖြစ်ရခြင်းသည် ခက်ခဲ၏၊ သဒ္ဓါနှင့်ပြည့်စုံခြင်းကို ရခဲ၏၊ ရဟန်းအဖြစ်ကို ရခဲ၏၊ သူတော်ကောင်းတရား ကြားနာရဖို့ ခက်ခဲ၏။

## Answer 26

When the Blessed one had finished his meal, he returned to the monastery. Taking up his stand on the landing where he washed his feet, he said five words that he exhorted the congregation of the monks almost every day:

1. Rare opportunity of a Buddha appearing within one's lifetime;
2. Rarity of becoming a human being;
3. Rarity of having absolute faith in the right doctrine;
4. Rarity of achieving membership in the monastic order;
5. Rare opportunity to hear the Doctrine of Buddhas and persons who have attained supreme sainttiness.




## အမေး ၂၇

မြတ်စွာဘုရားရှင်သည် တစ်နေ့တာအချိန်ကို (၅) ပိုင်း ပိုင်း၍ ဆောင်ရွက်ရာတွင် ညဥ့်ဦးယံ လုပ်ငန်းစဉ် (ပုရိမယာမ)ကို ဘယ်လိုဆောင်ရွက်ပါသလဲ။

## Question 27

How did the Blessed one make his habits of the first watch of the night (Purina yâma)?




## အဖြေ ၂၇

ထိုထိုအရပ်ဒေသမှ ကြွရောက်လာသော ရဟန်းတော်များ မေးသမျှသော တရားဓမ္မမေးခွန်းများ ကို ဖြေကြားတော်မူ၏။ တရားနာ လာရောက်ကြသော လူ့ပရိသတ်၊ ရဟန်းပရိသတ်၊ အပေါင်း တို့အား တရားဟောကြားတော်မူခြင်းသည် ညဥ့်ဦးယံလုပ်ငန်းစဉ် ဖြစ်ပါသည်။

## Answer 27

The Blessed one answered the queries on Dhamma asked by the monks from such and such monasteries. Delivering Dhamma to the monks and lay disciples was the habit of the first watch of the night.



## အမေး ၂၈

မြတ်စွာဘုရားရှင်သည် တစ်နေ့တာအချိန်ကို (၅) ပိုင်း ပိုင်း၍ ဆောင်ရွက်ရာတွင် သန်းခေါင်ယံ လုပ်ငန်းစဉ် (မဇ္ဈိမယာမကိစ္စ)ကို ဘယ်လိုဆောင်ရွက်ပါသလဲ။

## Question 28

How did the Blessed one spend the middle watch of the night (majjhima yâma)?




## အဖြေ ၂၈

မြတ်စွာဘုရားရှင်သည် ရဟန်းပရိသတ်၊ လူပရိသတ်တို့အား တရားဟောကြားပြီးနောက် ဂန္ဓကုဋိ ကျောင်းဆောင်ထဲသို့ ပြန်လည်ကြွရောက်တော်မူ၏။ ခဏကြာသော် စကြဝဠာပေါင်း တိုက်တစ်သောင်း၌ နေကြကုန်သော နတ်ဗြဟ္မာတို့၏ အမေးပုစ္ဆာ ပြဿနာများကို ဖြေကြားတော်မူခြင်းသည် သန်းခေါင်ယံလုပ်ငန်းစဉ် ဖြစ်ပါသည်။ မင်္ဂလသုတ်တော် အစရှိသော သုတ်တော်များသည် နတ်ဗြဟ္မာများ မေးလျှောက်သဖြင့် ဤည့်သန်းခေါင်ယံ၌ ဟောကြား ဖြေရှင်းတော်မူခဲ့သော သုတ်တော်များဖြစ်လေသည်။

## Answer 28

After delivering Dhamma to the monks and lay disciples, the Blessed one entered the perfumed chamber (ghandha kuti). After a while, the Blessed one answered the questions raised by the deities throughout the entire system of ten thousand worlds. It was how he finished his middle watch of the night duties. Mangala Sutta and some others were the discourses based on the queries raised by the deities during the middle watch of the night.




## အမေး ၂၉

မြတ်စွာဘုရားရှင်သည် တစ်နေ့တာအချိန်ကို (၅) ပိုင်း ပိုင်း၍ ဆောင်ရွက်ရာတွင် မိုးသောက်ယံ လုပ်ငန်းစဉ် (ပစ္ဆိမယာမကိစ္စ)ကို ဘယ်လိုဆောင်ရွက်ပါသလဲ။

## Question 29

What were the duties at his last watch of the night (pacchima yâna)?



## အဖြေ ၂၉

ပထမအချိန်တွင် စင်္ကြံကြွခြင်းဖြင့် အချိန်ကို ကုန်လွန်စေပါသည်။ ဒုတိယပိုင်းတစ်ချိန်တွင် လျောင်းစက်ကျိန်းတော်မူသည်။ တတိယပိုင်းအချိန်တွင် ရှေးရှေးဘုရားရှင်တို့ အထံ၌ ဒါန၊ သီလ၊ အစရှိသော ကုသိုလ်ကောင်းမှုများ ပြုခဲ့ဖူးသော ကုသိုလ်ပါရမီရှင်ထူးများ ရှိ-မရှိ၊ တရားထူး တရားမြတ်ကို ရနိုင်သည် ရှိ-မရှိ တစ်လောကလုံးကို ခြုံငုံ၍ ကြည့်ရှုတော် မူခြင်းသည် မိုး သောက်ယံလုပ်ငန်းစဉ် ဖြစ်ပါသည်။

## Answer 29

The blessed one would spend one part (of his last watch of the night) in pacing up and down. In the second part, he would lie down. In the third part, he would gaze over the world in order to discover any individual who, under some former Buddhas, with alms-giving, or keeping the precepts, or other meritorious deeds, might have made the earnest wish.



## အမေး ၃၀

“အောင်ခြင်း ရှစ်ပါး” ကို မြတ်စွာဘုရားရှင်သည် သက်တော်ဘယ်လောက် ဝါတော်ဘယ်လောက် အရတွင် တွေ့ကြုံခဲ့ရပါသလဲ။

## Question 30

At which age and in how many vâsa (Buddhist lent) did the blessed one experience the eight glorious victories?




## အဖြေ ၃၀

(၁) သက်တော် ၃၅ နှစ်အရွယ်မှာမာရ်နတ်ကိုအောင်။ (၂) သက်တော် ၄၀ နှစ် ဝါတော် ၅ ဝါ အရတွင် သစ္စကပရိဗိုဇ်ကို အောင်။ (၃) သက်တော် ၄၆ နှစ် ဝါတော် ၁၁ ဝါအရတွင် ဗကဗြဟ္မာကိုအောင်။ (၄) သက်တော် ၄၉ နှစ် ဝါတော် ၁၄ ဝါအရတွင် အင်္ဂုလိမာလကိုအောင်။ (၅) သက်တော် ၄၉ နှစ် ဝါတော် ၁၄ ဝါ အရတွင် စိဉ္စမာဏကိုအောင်။ (၆) သက်တော် ၄၆ နှစ် ဝါတော် ၁၁ ဝါအရတွင် နန္ဒောပနန္ဒ နဂါးမင်းကိုအောင်။ (၇) သက်တော် ၅၁ နှစ် ဝါတော် ၁၆ ဝါအရတွင် အာဠဝီပြည်၌ အာဠဝကဘီလူးကြီးကိုအောင်။ (၈) သက်တော် ၅၅ နှစ် ဝါတော် ၂၀ ဝါအရတွင် နာဠာဂီရိဆင်ကြီးကို အောင်မြင်တော်မူသည်။

## Answer 23

(1) The victory over Mara at the age of thirty-five;
(2) The victory over Saccaka paribbâjaka at the age of forty and in five vâsa;
(3) The victory over Vaka, the celestial Brahma, at the age of forty-six and in eleven vâsa;
(4) The victory over Angulimâla at the age of forty-nine and in fourteen vâsa;
(5) The victory over Cinca Mana at the age of forty-nine and in fourteen vâsa;
(6) The victory over Nandopananda, Dragon King, at the age of forty-six and on the eleven vâsa;
(7) The victory over Ahlavaka, Demon king, at the age of fifty-one and in sixteen vâsa;
(8) The victory over Elephant Nalagiri at the age of fifty-five and in twenty vâsa;



## အမေး ၃၁

မြတ်စွာဘုရားရှင် သက်တော် (၃၅) နှစ်အရွယ် ဘုရားဖြစ်မည့်နေ့တွင် မာရ်နတ်ကို ဘယ်လို အောင်မြင်တော်မူခဲ့ပါသလဲ။

## Question 31

How did the Buddha, at the age of thirty-five, and on the day when he was to attain the Buddhahood, win the victory over Mara?



## အဖြေ ၃၁

ဘုရားအလောင်းတော်၏ ဘုန်းတော်ကြောင့် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာ မြည်ဟီးလေ၏။ ကောင်းကင်တစ်ခုလုံးလည်း ကြောက်မက်ဖွယ် ထစ်ချုန်း၍ ရဲရဲတောက် မီးပေါက်၊ မီးပွားတို့နှင့် မိုးကြိုးများ တဂိုမ်းဂိုမ်း ပြစ်ချလေသည်။ မာရ်နတ်သည် ကြောက်၍ ထွက်ပြေးလေသည်။

## Answer 31

Due to the great power and glory of the Future Buddha, the mighty earth whirled around like a potter's wheel and violently thundered. There were horrible claps in the whole sky and thunderbolts struck many times. Thus Mara Feared and ran away.



## အမေး ၃၂

မြတ်စွာဘုရားရှင်သည် သက်တော် (၅၁)နှစ်၊ ဝါတော် (၁၆) ဝါအရတွင် အာဠဝီပြည်၌ အာဠဝက ဘီလူးကြီးကို ဘယ်လိုအောင်မြင်တော်မူခဲ့ပါသလဲ။

## Question 32

How did the Buddha, at the age of fifty-one and in sixteen vâsa, win the victory over Alavaka, Demon king, of Alavi?



## အဖြေ ၃၂

မြတ်စွာဘုရားရှင်သည် အာဠဝကဘီလူးကြီး၏ ဘုံဗိမာန်အတွင်းသို့ ဝင်၍သီတင်းသုံး နေတော်မူ၏။ ဘီလူးကြီးသည် ဒေါသအမျက် ချောင်းချောင်းထွက်လေသည်။ လက်နက် (၉) မျိုးဖြင့် ဘုရားရှင်အား တိုက်ခိုက်လေ၏။ ဘုရားရှင်အား လုံးဝတိုက်ခိုက်၍ မရသောအခါ ဘီလူးကြီး မာန်လျှော့ကာ ဘုရားရှင်၏ခြေတော်ရင်းတွင် ထိုင်နေလေတော့၏။ ဘုရားရှင်အား သိလိုသော အမေးပုစ္ဆာများကို မေးလျှောက်ပြီး ဘုရားရှင်ကလည်း ဖြေကြားပေးတော်မူလေသည်။

## Answer 32

The Buddha entered the celestial abode of Alavaka, Demon king, and stayed there. The Demon king was furious with anger and attacked the Buddha with nine varieties of weapon. When his attacks were all in vain, the Demon king became mellowed in temperament and sat at the foolt of the Buddha. He raised queries and the Buddha answered them.




## အမေး ၃၃

မြတ်စွာဘုရားရှင်သည် သက်တော် (၅၅) နှစ်၊ ဝါတော် (၂၀) ဝါတွင် ရာဇဂြိုဟ် ပြည်၌ နာဠာဂီရိ ဆင်ကြီးကို ဘယ်လိုအောင်မြင်တော်မူပါသလဲ။

## Question 33

How did the Buddha, at the age of fifty-five and on the twentieth year (vâsa), win the victory over Nalâgiri, Mighty Elephant, in Rajagraha?



## အဖြေ ၃၃

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူစဉ် နာဠာဂီရိဆင်ကို အရက်အမျိုးမျိုး တိုက်ကာ ဘုရားရှင်အား ထိုးသတ်ခိုင်းလေသည်။ "ငါဘုရားရှိရာသို့သာ ဖြောင့်ဖြောင့် လာလော့"ဟု ခေါ်လိုက်လေသည်။ နာဠာဂီရိဆင်ပြောင်ကြီးသည် ဘုရားရှင်၏ အသံတော်ကို ကြားရလျှင် ထိတ်လန့် သံဝေဂတရားရရှိကာ တန်ခိုးတော်ကြောင့် အရက်မူးပြေပျောက်ပြီး ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းခစားလေသတည်း။

## Answer 33

While the Buddha was going on an alms-round into Rajagraha, Nalagri, Mighty Elephant, was made terribly drunk and asked to pierce and kill with his tusks. "Come straight to me", the Buddha called to him. Once the elephant heard the Buddha's voice, Nalagiri, Husky Elephant, repented, became no longer drunk and prostrated in reverence.



## အမေး ၃၄

မြတ်စွာဘုရားရှင်သည် သက်တော် (၄၉) နှစ်၊ ဝါတော် (၁၄) ဝါအရတွင် စိဥ္စမာဏကို ဘယ်လို အောင်တော်မူပါသလဲ။

## Question 34

How did the Buddha, at the age of forty-nine and on the fourteenth year (vâsa), win the victory over Cinca Mana?



## အဖြေ ၃၄

စိဉ္စမာဏအမျိုးသမီးသည် ကိုယ်ဝန်အရင့်အမာရှိဟန် သစ်သားဝန်းကို ဗိုက်မှာဖွဲ့ချည်ပြီး မြတ်စွာဘုရားနှင့် ကိုယ်ဝန်ရလေဟန် စွပ်စွဲလေသည်။ သိကြားမင်းသည် နတ်သားလေးယောက်ကို ကြွက်ယောင်ဆောင်ပြီး ဖွဲ့ချည်ထားသော ပျဉ်ချပ်၏ကြိုးများကို ကိုက်ဖြတ်ခိုင်းလေရာ ပျဉ်ချပ်ပြုတ်ကျလေ၏။ တရားနာပရိသတ်တို့သည် ဇေတဝန်ကျောင်း အပြင်ဘက်သို့ ဆွဲထုတ်ကြသေး၏။ စိဉ္စမာဏသည် ကျောင်းအပြင်သို့ ရောက်သောအခါ မြေမျိုခံရလေသည်။

## Answer 34

Cinca Mana, after tying a block of wood under her garment to disguise as being pregnant, and accused the Buddha for her shan pregnancy. Sakka, the king of celestial beings, gave an order to four deities to disguise themselves as mice to gnaw through the strings that held the block of wood. They did it and the wood fell. The people who came to listen to the Buddha's Doctrine chased her away. The earth split open and dragged her down to Avici (deepest and worst) Hell.




## အမေး ၃၅

မြတ်စွာဘုရားရှင်သည် သက်တော် (၄၉) နှစ်၊ ဝါတော် (၁၄) ဝါအရတွင် အင်္ဂုလိမာလကို ဘယ်လို အောင်တော်မူပါသလဲ။

## Question 35

How did the Buddha, at the age of forty-nine and on the fourteenth year (vâsa), win the victory over Angulimala?



## အဖြေ ၃၅

မြတ်စွာဘုရားက 'ငါကား မကောင်းမှု ဟူသမျှကို မလိုက်စား၊ ရှောင်ကျဉ်သည်ဖြစ်၍ နိဗ္ဗာန် လမ်းဝ၌သာ ရောက်နေသူဖြစ်၍ ရပ်သောသူမည်၏။ သင်ကား မကောင်းမှုတို့ကို ပြုလေ့ရှိ၏။ သေသောအခါတွင် အပါယ်သို့ သွားရောက်ရမည့်သူ ဖြစ်သောကြောင့် ရပ်နားသည်မမည်။ သွားသည် မည်၏'ဟု ပြောလေ၏။ အင်္ဂုလိမာလသည် သဘောပေါက်၍ မြတ်စွာဘုရားသခင်ကို ဝန်ချတောင်းပန်လေ၏။

## Answer 35

The Blessed one exhorted Angulimala, 'I'm the one who stops because I never indulge in demeritorious deeds and avoid them in order that I'm at the very entrance of Nibbâna. You always do demeritorious deeds. You are by no means assured to suffer in hell when you die. So you do not stop. You are proceeding.' Angulimala understood, admitted he was wrong, and apologized.




## အမေး ၃၆

ဘုရားရှင်သည် သက်တော် (၄၀)၊ ဝါတော် (၅) ဝါအရတွင် ဝေသာလီပြည်၌ သစ္စကပရိဗိုဇ်ကို ဘယ်လိုအောင်မြင်တော်မူခဲ့ပါသလဲ။

## Question 36

How did the Buddha, at the age of forty and on the fifth year (vâsa) in vesali, win the victory over Saccaka paribbâjaka?



## အဖြေ ၃၆

မြတ်စွာဘုရားရှင်သည် "ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်" တရား ဤငါးပါးသည် လည်းကောင်း၊ သက်ရှိ-သက်မဲ့ အရာဝတ္ထုများအားလုံးတို့သည် လည်းကောင်း၊ မမြဲခြင်း သဘာဝတရားသည်သာလျှင် ဖြစ်၏ဟု ဟောကြားတော်မူလေ၏။

သစ္စကပရိဗိုဇ်သည် မြဲ၏ဟု ယူဆ၏။ မြတ်စွာဘုရားနှင့် အခြေအတင်ပြော ကြကာ နောက်ဆုံး မြတ်စွာဘုရား၏ အနတ္တတရားကို လက်ခံကာ သစ္စကပရိဗိုဇ် အရှုံး ပေးရလေသည်။ မြတ်ဘုရား အောင်တော်မူခဲ့ပါသည်။

## Answer 36

The Blessed one exhorted Saccaka Paribbâjaka that the five aggregates that consist of rupa (corporeality), vedana (feeling), sañña (cognition or perception), sankhara (mental factors other than feeling and cognition) and viññana (consciousness) as well as all living ones and lifeless things are subject to impermanence, the Natural law.

Saccaka believed them as permanent. After a heated debate, Saccaka finally accepted the Buddha's Doctrine of Anatta (Non-self) and yielded. The Blessed One won the victory.




## အမေး ၃၇

မြတ်စွာဘုရားရှင်သည် သက်တော် (၄၆) နှစ်၊ ဝါတော် (၁၁) ဝါ အရတွင် နန္ဒောပနန္ဒ နဂါးမင်းကို ဘယ်လိုအောင်မြင်ပါသလဲ။

## Question 37

How did the Buddha, at the age of forty-six and on the eleventh year (vâsa), win the victory over Nandopananda, Dragon king?




## အဖြေ ၃၇

မြတ်စွာဘုရား၏ ညွှန်ကြားချက်အရ ရှင်မောဂ္ဂလာန် မထေရ်မြတ်သည် နဂါးမင်းကြီးထက် ကြီးသော နဂါးကို ဖန်ဆင်းပြီး နှိမ်နင်းလေ၏။ နန္ဒောပနန္ဒနဂါးမင်းကြီး ရှုံးလေ၏။ ရှင်မောဂ္ဂလာန် မထေရ်မြတ်သည် နဂါးမင်းကြီးကို ခေါ်ဆောင်ကာ ဘုရားရှင်ထံသို့ ပို့ပေးလိုက်လေ၏။ ကြမ်းတမ်းသော နဂါးမင်းကြီးသည် ယဉ်ကျေးသိမ်မွေ့သွားလေ၏။

## Answer 37

In accordance with the instruction of the Blessed One, Ashin Moggallâna Thera, disguised himself as the dragon much more greater than the Dragon king and subdued the violent dragon. Nandopananda, Dragon king, was finally suppressed. The Dragon king was brought in front of the Buddha and tamed.



## အမေး ၃၈

မြတ်စွာဘုရားရှင် သက်တော် (၄၆) နှစ်၊ ဝါတော် (၁၁) ဝါအရတွင် ဗကပြဟ္မာကြီးကို ဘယ်လို အောင်မြင်ပါသလဲ။

## Question 38

How did the Buddha, at the age of forty-six and on the eleventh year (vâsa) win the victory over Baka Brahma?



## အဖြေ ၃၈

မြတ်စွာဘုရားနှင့် ဗကဗြဟ္မာတို့သည် တန်ခိုးချင်းပြိုင်ကြလေ၏။ "သင် ငါ့ကို မမြင်နိုင်အောင် သင့်မျက်မှောက်၌ ယခုပင်ကွယ်လိုက်မည်၊ သင်ကြည့်လော" ဟု ဘုရားရှင်က တန်ခိုးပြလေ၏။ ဗကဗြဟ္မာကြီးကလည်း ကိုယ်ရောင်ဖျောက်သော် ဖျောက်၍မရနိုင်ပေ။ ဘုရားသခင်ကား ဗြဟ္မာကြီးရှေ့မှောက်၌ မိမိကိုယ်ကို ကွယ်ဖျောက်ပြကာ တရားဟောသဖြင့် ဗြဟ္မာအပေါင်းတို့ ကျွတ်တမ်းဝင်ကြလေ၏။

## Answer 38

The Buddha and Baka Brahma vied with each other for the superiority of mystic power over another. The Buddha showed his superiority of power by saying "I'll make myself invisible by supernatural means in your presence. Lo!". Baka Brahma also made himself invisible in vain. After making himself invisible in the very presence of the Brahma and exhorted his Doctrine. All Brahmas were liberated from Samsara (the round of rebirths).



## အမေး ၃၉

ရတနာသုံးပါးကို ဘာကြောင့် ကန်တော့ရတာလဲ။

## Question 39

Why are the three jewels revered?



## အဖြေ ၃၉

ရတနာသုံးပါးကို ကန်တော့ရတယ်ဆိုတာ အကယ်၍ ရတနာသုံးပါးအပေါ်  ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးတို့ဖြင့် တစ်ပါးပါးနှင့် ပြစ်မှား စော်ကားမိခဲ့လို့ရှိရင် အပြစ်ကျေပျောက်ဖို့ရန် အတွက်လည်းကောင်း၊ ပြစ်မှား စော်ကားမှုမရှိရင်လည်း ကုသိုလ်ရ ကောင်းကျိုးဖြစ်ထွန်းပါစေခြင်း အကျိုးငှာလည်းကောင်း၊ ရတနာသုံးပါးကို ကန်တော့ရခြင်း ဖြစ်ပါသည်။

## Answer 39

The three jewels are revered in order to wipe off the offenses to the Three jewels if one has done physically, verbally, and mentally or to increase meritorious deeds if one hasn't done the offenses.




## အမေး ၄၀

ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးကို ဘယ်လိုရွတ်ဆိုအာရုံပြုပြီး ကန်တော့ရမလဲ။

## Question 40

How are the three jewels-the Buddha, The Dhamma, and the Saṁgha recited and paid homage to?



## အဖြေ ၄၀

ဩကာသ ဩကာသ ဩကာသ၊ ကာယကံ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ၊ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင်၊ ဘုရားရတနာ တရားရတနာ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရရပါလို၏ အရှင်ဘုရား လို့ရွတ်ဆိုအာရုံပြု ကန်တော့ရမယ်။

## Answer 40

The three jewels are paid homage to and Okâsa homage is to be recited as follow:

Okâsa ! Okâsa ! Okâsa ! Permit me, permit me, permit me,
Venerable Buddha, the Supremely Enlightened One!

In order to overcome faults, defilements and all other unwholesome effects and deeds I may have committed by way of physical, vocal and mental acts, I now pay my humble homage to Buddha, Dhamma and Sam˙gha three times. With due respect and with humble heart and mind I bow my head thrice to the Triple Gem. Due to this act of veneration and reverence, may I be always free from Four Woeful States, Three Calamities, Eight States of Inopportunity, Five Great Enemies, Four Unaccomplishing States and Five Regressions. At last may I then win Path and Fruition Consciousness (Magga and Phala Dhamma) together with Nibbâna.



**အမေး ၄၁**

ငါးပါးသီလကို ခါးမှာဝတ်တဲ့ အဝတ် မကျွတ်အောင် မြဲမြဲဝတ်သလို ငါးပါးသီလမြဲရင်လည်း ဘာအကျိုးကျေးဇူးတွေ ရမလဲ။

## Question 41

What are the benefits of observing five Moral Precepts in the manners of the one who wears his nether garment without being loosened?



## အဖြေ ၄၁

ခါးမှာဝတ်တဲ့အဝတ် မကျွတ်အောင် မြဲမြဲဝတ်သလို ငါးပါးသီလကို မြဲမြဲ စောင့်ထိန်းသူဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံ မရောက်ရဘူး။ ဘဝသံသရာမှာ ဆင်းရဲဒုက္ခတွေနဲ့ မကြုံရဘူး။ နတ်ပြည်မှာ အဖြစ်များရတယ်။ ဘဝသံသရာမှာ ကောင်းကျိုးတွေနဲ့ တွေ့ကြုံခံစားရမယ်။ သက်ရှည် ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒတွေနဲ့ ပြည့်စုံစေတယ်။

## Answer 41

The one, who constantly observes Five Moral Precepts in the manner of the one who wears his nether garment without being loosened, will not suffer in Four Apâya (Woeful States) namely purgatory (Niraya), the realms of animals (tiricchâna), the hungry miserable departed beings (called peta), and the object loathsome beings (called asura). He will not have troubles when he is unable to escape from the samara. Most of his existences will be in the celestial abodes. He will have benefits in the round of rebirths. He will live long, healthily and in happiness.



## အမေး ၄၂

ဘုရားဂုဏ်တော် (၉)ပါးကို ရေတွက်ပြပါ။

## Question 42

What are the Nine Attributes of the Buddha? Mention them namely.




## အဖြေ ၄၂

(၁) အရဟံ (ကိလေသာတို့မှ စင်ကြယ်သော)၊ (၂) သမ္မာသမ္ဗုဒ္ဓေါ (အကုန်အစင်သိမြင်သော)၊ (၃) ဝိဇ္ဇာစရဏသမ္ပန္နော (အသိနှင့်အကျင့် ထပ်တူကြသော)၊ (၄) သုဂတော (တန်ဖိုးမဖြတ်နိုင်သော စကားကို ပြောသော)၊ (၅) လောကဝိဒူ (လောကအကြောင်း သိမြင်တော်မူသော)၊ (၆) အနုတ္တရော ပုရိသဒမ္မသာရထိ (ဘယ်လိုပြောလျှင်ရမလဲ၊ အမှန်တရားကို သိမြင်မလဲ နည်းဗျူဟာကို သိသော)၊ (၇) သတ္ထာ ဒေဝမနုဿာနံ (လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာတင်ထိုက်သည့်)၊ (၈) ဗုဒ္ဓေါ (အမှန်တရားကို အမှန်တရားတိုင်း သိမြင်သော)၊ (၉) ဘဂဝါ (အဖက်ဖက်က ပြည့်စုံသော)။

## Answer 42

The Nine Attributes of the Buddha are as follows:

1. Arahaṁ (innocent of defiling passions);
2. Sammâsumbuddha (fully enlightened);
3. Vijjâcaranasampanna (doing exactly what one's said);
4. Sugato (speaking only invaluable words);
5. Lokavidu (knowing the world);
6. Anuttaropurisadhammasârathi (knowing the methods of how to speak and how to make someone see the truth);
7. Satthâdevamanussânain (being the Great Teacher of all Devas, men and brahmas);
8. Buddha (Seeing truth as it is);
9. Bhagavâ (Perfect in all respects)




## အမေး ၄၃

တရားဂုဏ်တော် (၆)ပါးကို ရေတွက်ပြပါ။

## Question 43

What are the six attributes of Dhamma? Mention them namely.



## အဖြေ ၄၃

(၁) သွာက္ခာတဂုဏ် (အကုန်လုံး ကောင်းသောဂုဏ်)၊ (၂) သန္ဒိဋ္ဌိကဂုဏ် (ဒီဘဝမှာတွင် အကျိုး မြင်ရသည့်ဂုဏ်)၊ (၃) အာကာလိကဂုဏ် (အခုကျင့် အခုခံစားရသည့်ဂုဏ်)၊ (၄) ဧဟိပဿိကဂုဏ် (မယုံလျှင် လာကျင့်ပါ ဖိတ်သည့်ဂုဏ်)၊ (၅) ဩပနေယျိကဂုဏ် (ကိုယ်တွေ့ကြုံရမည့်ဂုဏ်)၊ (၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ် (ကျင့်သူတို့က ကောင်းလိုက်တာဟု ချီးမွမ်း ခြင်းဂုဏ်)

## Answer 43

(1) Svâkkhâto (having all noble attributes);
(2) Sandithaiko (Self-realizing fruitions in practice in this very life);
(3) Akâliko (having the instant noble fruitions if practiced at this moment);
(4) Ehipassiko (welcoming everybody to come and see if one has no trust);
(5) Opaneyyiko (experiencing by oneself);
(6) Paccattaṁ Veditabbo Viññuhi (described by those who practice as great)




**အမေး ၄၄**

သံဃာဂုဏ်တော် (၉)ပါးကို ရေတွက်ပြပါ။

## Question 44

Enumerate the Nine Attributes of the Saṁgha?




## အဖြေ ၄၄

(၁) သုပ္ပဋိပန္နဂုဏ် (ကောင်းကောင်းကျင့်၊ နေထိုင်သည့်ဂုဏ်)၊ (၂) ဥဇုပ္ပဋိပန္နဂုဏ် (တရားလမ်းစဉ်အတိုင်း ကျင့်သည့်ဂုဏ်)၊ (၃) ဉာယပ္ပဋိပန္နဂုဏ် (ဖြစ်စဉ်သဘာဝအ တိုင်းသိသည့်ဂုဏ်)၊ (၄) သာမိစိပ္ပဋိပန္နဂုဏ် (အကျင့်ကို ရိုသေလေးစားသည့်ဂုဏ်)၊ (၅) အာဟုနေယျဂုဏ် (ယူလာသည့်လက်ဆောင်ကို ခံယူထိုက်သည့်ဂုဏ်)၊ (၆) ပါဟုနေယျဂုဏ် (ဧည့်သည်အတွက် ထားသည့်ပစ္စည်းဝတ္ထုကို အလှူခံယူ ထိုက်သည့်ဂုဏ်)၊ (၇) ဒက္ခိဏေယျဂုဏ် (နောက်ဘဝအတွက် ကုသိုလ်ကောင်းမှုပြုရန် အကောင်း ဆုံးသောဂုဏ်)၊ (၈) အဉ္ဇလိကရဏီယဂုဏ် (လက်အုပ် ချီတာကိုခံယူထိုက်သည့်ဂုဏ်) (၉) အနုတ္တရံ ပုညက္ခေတ္တဂုဏ် (ကုသိုလ်မျိုးစိုက်ပျိုးရာတွင် အကောင်းဆုံးသောဂုဏ်)။

## Answer 44

(1) Suppatipanno (Practising well the Noble path leading to Nibbâna);
(2) Ujuppatipanno (practicing righteously)
(3) Nâyappatipanno (realizing the process of nature as it is);
(4) Sâmicippatpanno (worthy of respect for practice);
(5) Âhuneyyo (worthy of receiving offerings brought from afar);
(6) Pâhuneyyo (worthy of receiving offerings meant for guests);
(7) Dakkhneyyo (worthy of receiving offerings made with future benefits (ie., in future existencesin mind.)
(8) Anjalikaraniyo (worthy of receiving reverential homage)
(9) Anuttaram˙ puññakkhettam˙ (being the best incomparable fertile field for planting the seeds of merit).



## အမေး ၄၅

ဘာကြောင့် ဘုရားဟုခေါ်ပါသလဲ။

## Question 45

Why do we call 'phaya) (bk&m;)?




## အဖြေ ၄၅

ဘုရားဆိုတဲ့ ဝေါဟာရဟာ ဝရဆိုတဲ့ ပါဠိမှဆင်းသက်လာသော စကားဖြစ်သည်။ ပါဠိသဒ္ဒါနည်းအရ ဝ-ကို ဗ-သို့ပြောင်းပြီး ဗရ ဟု ခေါ်တယ်။ အသံပြောင်းခြင်း ရဲ့သဘာဝကြောင့် ဗရ မှ ဗရား၊ ဗရားမှ ဖယား၊ ဖယားမှ ပုသျှား၊ ပုသျှားမှ ဘုရား၊ ဒါကြောင့် ဘုရားဆိုတာ "မြင့်မြတ်သူ" တို့ အဓိပ္ပာယ်ရတယ်။ ဘုရားဟူသော နာမည်ဟာ ဂုဏ်ပုဒ်တစ်ပုဒ်သာ ဖြစ်ပါတယ်။

## Answer 45

The word 'phaya' (bk&m;) is the Pali derivative of 'vara) (0&). Through the Pali grammar, 'va' (0 ) can be changed into 'ba' (b) and, thus 'vara' (0&) becomes 'Bara' (A&;) . Due to the periodical change of pronunciations, (vara) (A&;) becomes 'Barah' (A&m;) . 'Barah (A&m;) later becomes pha-yah. 'Pha-yah changes to 'Pushar' from wich the final and 'Phaya' (bk&m;) came into being. Phaya thus means 'Noble Man'. 'Phaya' is not a name but a title.



## အမေး ၄၆

ဘာကြောင့်  ဗုဒ္ဓလို့ ခေါ်ပါသလဲ။

## Question 46

Why do we call 'Buddha'?




## အဖြေ ၄၆

ဗုဒ္ဓဆိုတာ ပါဠိစကား၊ မြန်မာလို 'သိသူ' လို့ အဓိပ္ပာယ်ရတယ်။ ဘာကိုသိ တာလည်းဆိုရင် သစ္စာတရားကိုသိတာ၊ သစ္စာတရားဆိုတာ အမှန်တရား၊ အမှန်တရားဆိုတာ သဘာဝတရားကို ပြောတာ။ သဘာဝတရားဆိုတာ သူ့စွမ်းအင်နှင့်သူ လည် ပတ်ပြီး ဖြစ်စဉ်တစ်ခုရဲ့ ဖြစ်စဉ်ပါပဲ။

## Answer 46

'Buddha' is a Pali word that means 'the knowledgeable one' or 'the knowing one'. What he knows is saeca (truth). Saeca is truth. Truth is the Natural Law. The Law of Nature is going on with the help of its energy and it is one process of the processes.




## အမေး ၄၇

ဘာကြောင့် ဓမ္မ (တရား) လို့ ခေါ်ပါသလဲ။

## Question 47

Why do we call 'Dhamma'?



## အဖြေ ၄၇

ထမင်းသည် ထမင်းဆာသူကို ဆာလောင်ခြင်းဒုက္ခမှ ကင်းလွတ်စေ၏။ ရေသည် ရေဆာသူကို ဆာလောင်ခြင်းဒုက္ခမှ ကင်းလွတ်စေ၏။ ထို့အတူ တရားသည် တရားကျင့်သူကို သံသရာဒုက္ခမှ ကင်းလွတ်စေ၏။ သံသရာဝဋ်ဒုက္ခမှ ကင်းလွတ်စေရန် ရွက်ဆောင်တတ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပရိယတ်များကို ဓမ္မ(တရား) ဟု ခေါ်ပါသည်။

## Answer 47

Rice makes a hungry one to escape from hunger. Water makes a thirsty one to escape from thirst. Similarly, Dhamma makes the one who practices Dhamma to escape from the sufferings of the samsaric troubles. The doctrines-magga, phala, Nibbâna, and pariyatti that make the one liberate from the troubles caused by Samsara (round of rebirths) and vatta (inexorable circling) are known as 'Dhamma'.




## အမေး ၄၈

ဘာကြောင့် သံဃာဟု ခေါ်ပါသလဲ။

## Question 48

Why do we call 'Saṁgha'?



## အဖြေ ၄၈

မြတ်စွာဘုရား လမ်းညွှန်သည့်အတိုင်း အားထုတ်ကြ၍ အမြင်ချင်းတူ၊ အကျင့်ချင်းတူပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရတော်မူကြသော အရိယာသံဃာတော်များနှင့် အရိယာနွယ်ဝင် ပုထုဇဉ် ရဟန်းတော်များကို သံဃ (သံဃာ) ဟု ခေါ်ပါသည်။

## Answer 48

In accordance with the Teachings of the Buddha, they practice with same way and same concept. By these means those Ariyâ who attained magga nâna and phala nâna, and the puthujana (worlding) monks who are entitled to be involved in the tradition of Ariyâ.



## အမေး ၄၉

ဘာကြောင့် ဗုဒ္ဓဘာသာဟု ခေါ်ပါသလဲ။

## Question 49

Why do me call 'Buddhism'?



## အဖြေ ၄၉

ဗုဒ္ဓမြတ်စွာဘုရားသည် (၄၅) ဝါ ကာလပတ်လုံး လူ နတ်၊ ဗြဟ္မာ သတ္တဝါ အားလုံးတို့ အကျိုးစီးပွား တိုးပွားရန် နိဗ္ဗာန်အလို့ငှာ ဟောကြားတော်မူခဲ့သည့် တရားဒေသနာတော်များကိုပင် ဗုဒ္ဓဘာသာဟု ခေါ်ပါသည်။

## Answer 49

The Discourses the Buddha delivered during forty-five years (vâsa) for the good of human beings, Devas, and Brahmas are known as Buddhism.



## အမေး ၅၀

ဘာကြောင့် ဗုဒ္ဓဘာသာဝင်ဟု ခေါ်ပါသလဲ။

## Question 50

Why do we call 'Buddhist'?




## အဖြေ ၅၀

ဘုရားရှင် ဟောကြားတော်မူအပ်သော တရားနည်းလမ်းအတိုင်း လိုက်နာ ကျင့်ကြံကာ၊ ဘုရားတရားတော်မြတ်ကို ယုံကြည်၍ ကိုးကွယ်သောသူများကို ဗုဒ္ဓ ဘာသာဝင်ဟု ခေါ်ပါသည်။

## Answer 50

Tho: e who have faith in Dhamma, revere them, and practice in accordance with the Teachings of the Buddha are known as Buddhists.




## အမေး ၅၁

ဘာကြောင့် ဥပါသကာ၊ ဥပါသိကာမဟု ခေါ်ပါသလဲ။

## Question 51

Why do we call 'Upâsakâ' and 'Upâsikâ'ma?




## အဖြေ ၅၁

စစ်မှန်သည့် ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်နေသူ အမျိုးသားကို 'ဉပါ သကာ' ဟုခေါ်ပြီး အမျိုးသမီးကို 'ဉပါသိကာမ' ဟု ခေါ်ပါသည်။

## Answer 51

Male devotee of the Pure Three Gems are known as 'Upâsakâ', and Female devotee 'Upâsikâma'.



## အမေး ၅၂

ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်ဖို့ရန်အတွက် နေ့စဉ်နေ့တိုင်း မဖြစ်မနေ ကောန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များက ဘာတွေလဲ။

## Question 52

What are the daily duties of a Buddhist that need to be compulsorily done in order to become a good Buddhist?




## အဖြေ ၅၂

(၁) ဘုရားရှိခိုးကန်တော့ခြင်း နှင့် သီလခံယူဆောက်တည်ခြင်း ပြုရမည်။ (၂) မေတ္တာဘာဝနာကို ပွားများရမည်။ (၃) အမျှပေးဝေခြင်းနှင့် သာဓုခေါ် ဆိုခြင်းပြုရမည်။ (၄) ဘုရားရှင်ကိုယ်စားရုပ်ပွားတော်၊ စေတီတော်တို့ကို ဆီမီး၊ ရေချမ်း၊ ဆွမ်းနှင့် ပန်းနံ့သာတို့ကို ဆက်ကပ်လှူဒါန်းရမည်။ (၅) စိတ်တူကိုယ်တူ ပူးပေါင်းကြပြီး ဘာသာရေးကိစ္စများကို ဆောင်ရွက်ကြရမည်။ (၆) တကယ့် ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ကြရလေအောင် ဝိပဿနာတရားများ ရှုမှတ်ပွားများရမည်။

## Answer 52

(1) paying homage to the Buddha and observing moral precepts;
(2) diffusing loving-kindness (metta);
(3) sharing merits and calling 'Sadu' (well-done);
(4) offering candle lights, cold water, alms-food, and fragrant flowers to Buddha images and pagodas representing the Buddha;
(5) mentally and physically co-operate and carry out activities for religious purposes;
(6) doing insight-meditation in order to become real Buddhists.




## အမေး ၅၃

သီလကျိုး၊ သီလပေါက်၊ သီလပြောက်၊ သီလကျားဆိုတာ ဘယ်လိုနားလည် ရမလဲ။

## Question 53

How do you understand 'Sila kyo', 'Sila Pauk', 'Sila Pyauk' and 'Sila Kyar'?



## အဖြေ ၅၃

မိမိခံယူထားသည့် ရှစ်ပါးသီလတို့တွင် ပျက်စီးလျှင် 'ဥပုသ်ကျိုးသည်' ဟု ခေါ်ပါသည်။ အလယ်တစ်ပါးပါးပျက်လျှင် 'ပေါက်သည်' ဟု ခေါ်ပါသည်။ ပြောက်ကျား ပြောက်ကျား ပျက်သည်ကို 'ပြောက်သည်' ဟု ခေါ်ပါသည်။ နှစ်ပါးသုံးပါးဆက်၍ ပျက်သည်ကို နွားကြောင် နွားကျားကဲ့သို့ 'အကျားထင်သောဥပုသ်' ဟု ခေါ်ပါသည်။

## Answer 53

If you can no longer keep the moral precepts, e.g-eight moral precepts, it means you have broken your precepts (Sila Kyo). If you cannot keep one precept in the middle, it means you have pierce your precepts (Sila Pauk). If you have an intermittent observance of your precepts, it means you keep sporadic practice (Sila Pyauk). If you stop observing for two or three precepts consecutively, it means your observance is striped like the striped colours of cows (Sila striped).



## အမေး ၅၄

မိမိတို့နေထိုင်ရာ အိမ်၊ တိုက်ခန်းတို့တွင် အလှူဒါနပြုလုပ်ခြင်း၊ အန္တရာယ်ကင်း ကုသိုလ်ပြုလုပ်ကြရာတွင် ကြွရောက်လာသော သံဃာတော်များနှင့်အတူ ပရိတ် ရွတ်ကောင်းပါသလား။

## Question 54

Is it offensive to recite parittas together with the Saṁgha where there is alms-giving ceremony or alms-food offering in order to wipe off evils?




## အဖြေ ၅၄

သံဃာတော်များ ပရိတ်ရွတ်နေစဉ် ပရိတ်၏ဂုဏ် (ဓမ္မဂုဏ်) ကို အာရုံပြု ကြည်ညို၍နေခြင်းက အကောင်းဆုံး နေခြင်းဖြစ်ပါသည်။ အကုသိုလ် မဖြစ်သော်လည်း တရားနာယူသူဖက်မှနေလျှင် ပိုကောင်းပါသည်။ မနက် နေ့-ည မိမိ တို့ ရွတ်ကြသည့်အချိန်တွင် မိမိက တရားဟောသူ၊ ကြားရသူ လူ၊ နတ်တို့က တရားနာသူ ဖြစ်ပါသည်။ ထို့ကြောင့် သံဃာတော်များ ပရိတ်တရား ဟောကြားနေစဉ် တရားတော်ကို အာရုံပြု၍ နေသင့်ပါသည်။

## Answer 54

It is the best way to contemplating the Attributes of Paritta (the Attribute of Dhamma) while the monks are reciting Parittas. Reciting with the monks is not offensive but you had better keep yourself on the side of lay devotes listening to Dhamma. When we recite Parittas in the mornings or in the evenings, we are preachers and human beings and Devas are the listeners. So while Buddhist monks are exhorting discourses on Parittas, we should concentrate on those discourses.



**အမေး ၅၅**

"ဓမ္မံ ပူဇေမိ" တရားတော်ကို ပူဇော်မည်ဆိုလျှင် ဘယ်လိုပူဇော်ရမလဲ။

## Question 55

We say, 'Dhammain Pujemi'. How do we pay homage to Dhamma?



## အဖြေ ၅၅

တရားတော်ဆိုတာ မြင်ရသော အရာပင်မဟုတ်ပါ။ ဂုဏ်အားအနေဖြင့်သာလျှင် ဖြစ်ပေါ်ပါသည်။ ဘုရားရှင်နှင့် သံဃာတို့လို အထည်ကိုယ်ဒြပ်ကို မမြင်ရပါ။ ဘုရားရှင်ရဲ့ တရားတော်တွေကို ထပ်တလဲလဲ ဆင်ခြင်အောက်မေ့နေခြင်း၊ တရားတော်၏ ဂုဏ်အားတွေကို ချီးကျူးကြည်ညိုနေခြင်း၊ တရားတော်အတိုင်း စိတ်နေစိတ်ထား ထားရှိခြင်းတွေဟာ တရားတော်ကို ရှိသေပူဇော်နေခြင်း ဖြစ်ပါသည်။

## Answer 55

Dhamma is something intangible. The knowledge of its being is the power of Dhamma. Dhamma cannot be personally seen like the Buddha and the Saṁgha. Thus, the repeated contemplation of the Buddha's Dhamma, revering the glories of Dhamma and setting our minds in accordance with the teachings of the Buddha are the ways to pay humble homage to the Dhamma.



## အမေး ၅၆

မိမိအပေါ် ကျေးဇူးရှိသော ကျေးဇူးရှင်တို့ကို ပြစ်မှားပါက ပြစ်ဒဏ်များ ဘာတွေခံစားရမလဲ။

## Question 56

How will you suffer if you offend your benefactors?




## အဖြေ ၅၆

ခန္ဓာကိုယ်အားနည်းတတ်တယ်။ ကိုယ်လက်အင်္ဂါ ပျက်စီးတတ်တယ်။ ဆွေမျိုးမိဘ သားချင်းတွေနဲ့ သေကွဲရှင်ကွဲ ကွဲတတ်တယ်။ ကုမရတဲ့ ရောဂါဝေဒနာ ဖြစ်တတ်တယ်။ စီးပွားပျက်တတ်တယ်။ နေအိမ် အလုပ်ရုံ မြို့ပြပြည်ရွာ မီးလောင်တတ်တယ်။ ရူးသွပ်ရောဂါ ရတတ်တယ်။ မင်းဘေး မင်းဒဏ် သင့်တတ်တယ်။ စွပ်စွဲခံရတတ်တယ်။ ဒီဘဝ မဂ်ဖိုလ် နိဗ္ဗာန်ကို အားထုတ်လို့မရတဲ့အပြင် သေရင် ငရဲရောက်တတ်တယ်။ ဒီပြစ်ဒဏ် (၁၀) မျိုးကို ခံစားရတတ်သည်။

## Answer 56

Your body may be impaired. Your bodily organs may be ruined. You are likely to fall apart from relations or siblings by dying or while living. You are likely to suffer incurable diseases. Your business may be financially ruined. Your house, workplaces or towns may be destroyed by fire. You may be a lunatic. You may be punished by the state. You may be accused. You may be devoid of attaining path, fruition and Nibbâna. Instead you may be suffer in hell.

Those mentioned above are the ten offenses you may have to suffer.




## အမေး ၅၇

"အမျိုးသမီးများ မတက်ရ"ဟု နာမည်ကြီးစေတီတော်၊ ရုပ်ပွားမြတ်ဘုရားတို့၏ အပေါ်သို့ တက်၍ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်း၊ ရွှေသင်္ကန်းတော်များကို အမျိုးသမီးများ ဘာကြောင့်တက်ကပ်ခွင့်မပြုတာလဲ။ အမျိုးသမီးများတက်လျှင် အကုသိုလ်ဖြစ်ပါသလား။ အပြစ်ဖြစ်ပါသလား။

## Question 57

There are sign-boards that mentions: Women are not allowed to step on. Is it offensive or demeritorious if women step on the sacred areas such as the terrace of the pagodas or Buddha images in order to offer alms-food, candle lights, flowers and golden robes?





## အဖြေ ၅၇

အမျိုးသမီးများ ဘုရားပေါ်သို့တက်လျှင် (ဥပမာ-ရွှေတိဂုံ အထက်ပစ္စယံ၊ မဟာမုနိအထက်ပလ္လင်တော်၊ ကျိုက်ထီးရိုးခြေရင်းတော်) အပြစ်မရှိပါ။ သက်ရှိထင်ရှား ဘုရားကျောင်းတော် ဂန္ဓကုဋီတိုက်သို့ ဝိသာခါအမျိုးသမီး တက်လိုက်ဆင်းလိုက် အကြိမ်ပေါင်းမည်မျှရှိသည် မရေတွက်နိုင်ပါ။ အပြစ်ရှိ အကုသိုလ်ဖြစ်လျှင် သက်ရှိထင်ရှား မြတ်ဘုရားကလည်း တားမြစ်တော် မူပါလိမ့်မည်။ ကုသိုလ်ကံသည် ကောင်းကျိုးကို ပေးမြဲဖြစ်၏။ အကုသိုလ်ကံသည် မကောင်းကျိုးကို ပေးမြဲဖြစ်၏။

## Answer 57

IfIt is not offensive for women to step on the sacred places (such as the upper terraces of the Shwedagon Pagoda, the upper throne of the Maha Muni and the foot of the Kyaikhtiyoe Pagoda). It was in numerable time when the lady Visâkha was, going up and down the perfumed chamber (Gandhakuti). If it was offensive the Buddha, living by then, would prevent her from doing that. Meritorious deed brings forth good results while demeritorious deed brings




## အမေး ၅၈

"သူတော်ကောင်း သူတော်ကောင်း" ဟု ပြောဆိုကြရာ သူတော်ကောင်းတို့၏ အရိပ်သွင်ပြင် အခြေခံစိတ်ထားတွေက ဘာတွေလဲ။

## Question 58

People say virtuous ones, virtuous ones. What are the appearances and essential characteristics of the virtuous?




## အဖြေ ၅၈

- ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၊ မိတ်မြတ် မိတ်ကောင်းရှိပါစေ။
- မိတ်ကောင်းကိုပဲ၊ အသည်းစွဲ၊ မှီဝဲဆည်းကပ် နည်းယူနေ။
- ဒုက္ခရောက်သူ၊ ကြုံတွေ့မူ၊ ကြည်ဖြူယုယပြုစုလေ။
- သူတော်ကောင်းလက္ခဏာ၊ ဤငါးဖြာ၊ မြတ်စွာဟောမိန့်ခြွေ။
- သူတော်ကောင်းလက္ခဏာ၊ ဤငါးဖြာ၊ ကိုယ်မှာပြည့်ဝ ဖြည့်ကြလေ။

## Answer 58

The virtuous are grateful.
The virtuous pay back to their benefactors.
The virtuous have good friends.
The virtuous approach and take after the good friends.
The virtuous give help warmly to those who are in troubles.
These are the five characteristics of the virtuous the Buddha taught.
Try to endow yourselves with these five characteristics of the virtuous.




## အမေး ၅၉

"ဗုဒ္ဓဘာသာကောင်း တစ်ယောက်ဖြစ်ရန်" အရည်အချင်း (၁၀)မျိုးကား ဘာတွေလဲ။

## Question 59

What are the ten characteristics of a good Buddhist?



## အဖြေ ၅၉

(၁) သံဃာတော်များနှင့် ချမ်းသာမကွဲ ဆင်းရဲအတူရှိခြင်း။ (၂) တရားတော်ကိုသာ အလေးထားခြင်း။ (၃) မိမိ စီးပွားရေးအလျောက်လှူဒါန်းခြင်း။ (၄) သာသနာ တည်တံ့ပြန့်ပွားအောင် ကြိုးစားခြင်း။ (၅) ဖြောင့်မှန်သော အယူရှိခြင်း။ (၆) အတိတ်နိမိတ်ကို မယုံကြည်ခြင်း။ (၇) သာသနာ ပြင်ပ ပုဂ္ဂိုလ်ကို ကိုးကွယ်မှုမပြု ခြင်း။ (၈) ကာယကံ၊ ဝစီကံတို့ကို စောင့်ထိန်းခြင်း။ (၉) ဝန်တိုမှု၊ ငြူစူမှုမရှိခြင်း။ (၁၀) ရတနာသုံးပါးကိုသာ ကိုးကွယ်ဆည်းကပ်ခြင်း။

## Answer 59

(1) Keeping oneself with Buddhist monks through thick and thin;
(2) Paying respect to the Dhamma;
(3) doing alms-offerings according to one's economic situation;
(4) helping the Buddha sasana (Teachings of the Buddha) preserve and proliferate)
(5) having righteous faith;
(6) disbelieving omens;
(7) not worshipping those outside the Sasana;
(8) keeping oneself physically and verbally;
(9) don't be stingy;
(10) paying homage to the three Gems.



## အမေး ၆၀

ဘုရားဂုဏ်တော် ပွားများလျှင် ဘာအကျိုးထူးများ ရပါသလဲ။

## Question 60

What are the benefits of contemplating the Attributes of the Buddha?




## အဖြေ ၆၀

ဘုရားဂုဏ်တော် ပွားများသူသည် (၁) စိတ်လိုဆန္ဒအတိုင်း ပြည့်စုံ၏။ (၂) နတ်ဘုံ၌ အကြိ
သုံးသောင်း ဖြစ်ရ၏။ (၃) သိကြားမင်း အကြိမ်ရှစ်ဆယ် ဖြစ်ရ၏။ (၄)စကြာဝတေးမင်း အကြိ
တစ်ထောင် ဖြစ်ရ၏။ (၅) ရှင်ဘုရင် အကြိမ်ကြိမ် ဖြစ်ရ၏။ (၆) အပါယ်လေးပါးသို့ မရောက်နို
မကျနိုင်။ (၇) ရရှိပြီး စည်းစိမ်ဥစ္စာတို့ မပျက်စီးနိုင်။ (၈) ဈာန် အဘိညာဉ်ရ၏။ (၉) ဈာန်
သမာပတ်ရှစ်ပါးတို့ဖြင့် (ရှင်မောဂ္ဂလာန် မထေရ်ကဲ့သို့) နိဗ္ဗာန်ဝင်ရ၏။

## Answer 60

The one who contemplates the Attributes of the Buddha
(1) has his wish fulfilled;
(2) is to be in the celestial abodes for thirty-thousand times;
(3) is to be the Sakka, the king of celestial beings for eighty times;
(4) is to be the *Cakavatti*, *Monarch of the four islands of the universe for a thousand tim*
(5) is to be the king for several times;
(6) will not suffer in the four apâya;
(7) the wealth of whom will not ruin;
(8) will attain jhâna-abhinna;
(9) will attain Nibbâna with jhânasamâ patti like Ashin Moggalana.



## အမေး ၆၁

(တနည်း) ဘုရားဂုဏ်တော်ပွားများလျှင် ဘာအကျိုးထူးများရပါသလဲ။

## Question 61

(In other words) what benefits one can have if he contemplates the Attributes of the Buddha?

## အဖြေ ၆၁

ဂုဏ်တော်ပွားထုံ၊ စိတ်လိုစုံပြည့်၊ နတ်ဘုံကမ္ဘာ၊ သုံးသောင်းသာတည်း။ သိကြားရှစ်ဆယ်၊ စကြာတစ်ထောင်၊ အခေါင်ပဒေသရာဇ်၊ အကြိမ်ကြိမ်ဖြစ်၏။ မကျ အပါယ်၊ စည်းစိမ်ဝယ်လည်း၊ လျော့မရှိဥစ္စာ၊ ဘိညာဈာန်မှုး၊ ဂုဏ်ထူးနှင့်ပင်၊ နိဗ္ဗာန် ဝင်သည်၊ ဂုဏ်တော်ပွားသူ အကျိုးတည်း။

အနာဂတ်သာသနာပြု
ပန်းလေးများ
ပွင့်လန်းနိုင်ကြပါစေ။
ဓမ္မေခအရှင်

## Answer 61

The one, contemplating the Attributes of the Buddha,
Has his wish fulfilled, and is to be in celestial abodes
For thirty-thousand times;
The sakka for eighty times;
The Cakavatti for a thousand times;
The king for several times;
Not to suffer in hell and not to lose wealth,
Attaining Jhâna-Ahbinna,
And finally attained Nibbâna
With Jhâna samâpatti
These are the benefits of the One
Who contemplates the Attributes of the Buddha.

**Buddhist missionary for Future**
**May every Flower blossom!**
**Dhammekha Ashin**